# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၆) ရက်၊ အင်္ဂါနေ့ ၊ (22-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၁၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရုရှားနိုင်ငံ မော်စကိုဒေသတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(ARMY 2023)နှင့် (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ(XI Moscow Conference on International Security)သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုဒေသတွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာစစ်ဘက်နည်းပညာဖိုရမ်(ARMY-2023)နှင့် (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ (XI Moscow Conference on International Security)သို့

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။**


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊
E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊
Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ
မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရတနာပုံ
၂၀၂၃ ခုနှစ် ဩဂုတ် ၂၂ ရက်
အယ်ဒီတာ့အာဘော်

# ရာသီတုပ်ကွေးရောဂါ သတိပြုကာကွယ်ပါ

ကမ္ဘာပေါ်၌ ကူးစက်ပျံ့နှံ့မှု အမြန်ဆုံးနှင့် အဖြစ်အများဆုံးရောဂါများတွင် ရာသီတုပ်ကွေးရောဂါလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရာသီတုပ်ကွေးရောဂါသည် တုပ်ကွေးရောဂါပိုးရပ်ပိုး **(Influenza)** ကြောင့်ဖြစ်ပွားပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်နိုင်သည်။ ထို့ကြောင့် ရာသီတုပ်ကွေးရောဂါမဖြစ်စေရန် သတိပြုကာကွယ်ကြရမည်ဖြစ်ပေသည်။

ဖျားခြင်း၊ နှာချေခြင်း၊ လည်ချောင်းနာခြင်း၊ ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အစားအသောက်ပျက်ခြင်း စသည်တို့သည် ရာသီတုပ်ကွေးရောဂါလက္ခဏာများဖြစ်သည်။ လူအများစုက အိမ်တွင်ပင် သာမန်အကိုက်အခဲပျောက်ဆေးသောက်၍ ရောဂါကို ကုသတတ်ကြသော်လည်း တော်တော်နှင့်မပျောက်နိုင်ဘဲ ရောဂါပြင်းမှသာ ဆေးရုံဆေးခန်းသို့ သွားရောက်ကြသည်။ အမှန်စင်စစ် တုပ်ကွေးရောဂါသည် သာမန်အအေးမိရောဂါထက် ပိုမိုပြင်းထန်၍ အဖျားကြီးကာ အဖျားတာရှည်သည်။ ထို့ကြောင့် ကာကွယ်ဆေးကြိုတင်ထိုးနှံထားသင့်ပေသည်။

ကိုယ်ခံအားကောင်းသူ၊ ကြိုတင်ကာကွယ်ဆေးထိုးနှံထားသူများသည် ရာသီတုပ်ကွေးဖျားနာခြင်းကြောင့် အသက်အန္တရာယ်မစိုးရိမ်ရသော်လည်း အဖျားပျောက်ပြီး ချောင်းဆိုးကျန်ကာ မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ရှိလူများကို မကူးစက်စေရန် သတိပြုကြရမည်ဖြစ်ပေသည်။ အစိမ်းရောင်ဟင်းသီးဟင်းရွက်များ၊ ပန်းဂေါ်ဖီစိမ်းများစားသုံးပေးခြင်း၊ လိမ္မော်သီး၊ သံပရာသီးတို့ကို ဖျော်ရည်အဖြစ်လည်းကောင်း၊ လိမ္မော်ခွံ၊ သံပရာခွံတို့ကို ရေနွေးစိမ်၍လည်းကောင်း သောက်ပေးခြင်းဖြင့် တုပ်ကွေးဖျားနာခြင်းမှ ကြိုတင်ကာကွယ်နိုင်ပေသည်။

လူအများစုသည် ဖျားနာသည့်အခါ ကိုဗစ်-၁၉ ရောဂါနှင့် ရာသီတုပ်ကွေးရောဂါကို ဝေခွဲမရဖြစ်ကြရသည်။ ထို့ကြောင့် ခွဲခြားသိနိုင်ရန်လိုပေသည်။ ကိုဗစ်-၁၉ ရောဂါသည် လည်ချောင်းနာခြင်း၊ ချမ်းတုန်ခြင်း၊ မျက်စိနီခြင်း၊ အသက်ရှူကျပ်ခြင်း စသည်တို့ဖြစ်ပေါ်သည်။ ရာသီတုပ်ကွေးရောဂါသည် ခေါင်းကိုက်ခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ တစ်ကိုယ်လုံးအဆစ်အမျက်ကိုက်ခဲခြင်း စသည်တို့ဖြစ်ပေါ်စေသည်။ သွေးစစ်ကြည့်ရာတွင် သွေးထဲ၌ ပိုးရပ်ပိုးဝင်သောလက္ခဏာမျိုးတွေ့ရသော်လည်း အဆုတ်ထိခိုက်မှုမရှိပေ။ ကိုယ်ခံအားကောင်းပါက သုံးရက်၊ ငါးရက်အကြာတွင် ရောဂါပျောက်ကင်းနိုင်ပေသည်။

ရာသီတုပ်ကွေးရောဂါဖြစ်သူတစ်ဦးအနေဖြင့် မိမိ၌ဖြစ်ပွားနေသော တုပ်ကွေးရောဂါကို ပတ်ဝန်းကျင်နှင့် မိမိ မိသားစုတွင် ကူးစက်မှုမဖြစ်စေရန် နှာချေ၊ ချောင်းဆိုးပါက တစ်သျှူးသို့မဟုတ် လက်ကိုင်ပဝါအသုံးပြုကြရမည်ဖြစ်သည်။ ထို့ပြင် မိမိအသုံးပြုပြီးသော တစ်သျှူး၊ လက်ကိုင်ပဝါတို့ကိုလည်း စနစ်တကျစွန့်ပစ်မှသာ ရောဂါပိုးကူးစက်ခြင်းမှကာကွယ်နိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ရာသီတုပ်ကွေးရောဂါသည် ကိုဗစ်-၁၉ ရောဂါကဲ့သို့ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်ပြီး ရာသီတုပ်ကွေးရောဂါကာကွယ်ဆေးကို ကြိုတင်ထိုးနှံခြင်းဖြင့် ရောဂါဖြစ်နိုင်ခြေအလားအလာ လျော့ကျသွားစေမည်ဖြစ်သကဲ့သို့ အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ စားသုံးပေးခြင်းဖြင့်လည်း ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း ခုနစ်မြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာများဝယ်ယူနိုင်ရန် ချေးငွေထုတ်ပေးနေ



**မန္တလေး ဩဂုတ် ၂၁**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း JICA (Two Step Loan)ချေးငွေဖြင့် မြို့နယ် ခုနစ်မြို့နယ်ရှိ တောင်သူများကို လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် ချေးငွေထုတ်ချေးပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ တောင်သူများကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလာနိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် JICA တို့ပူးပေါင်း၍ တောင်သူများ၏ လုပ်ငန်းခွင်များ လျင်မြန်ချောမွေ့ပြီး လုပ်ငန်းများတွင်ကျယ်လာစေရန်အတွက် လယ်ယာသုံး စက်ကိရိယာပစ္စည်းများဖြစ်သော ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်နှင့် အခြားလယ်ယာသုံးစက်ကိရိယာများကို တောင်သူများလိုအပ်သည့် စက်အမျိုးအစားအလိုက် ဝယ်ယူအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀၀၀ ကျော်ကို ဩဂုတ်လ ပထမပတ်မှစ၍ ထုတ်ချေးပေးခဲ့ရာ ယနေ့အချိန်ထိ ငွေကျပ် သိန်း ၂၁၀၀ ကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ တောင်သူတွေကို လက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနိုင်ဖို့အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးနေတာပါ။ ဒါမှလဲ တောင်သူတွေရဲ့ဘဝဟာ ဖွံ့ဖြိုးတိုးတက်ပြီးတော့ အဆင့်အတန်းမြင့်မားလာမှာပါ။ အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးနေတာပါ။ တောင်သူတစ်ယောက်ကို အများဆုံး ငွေကျပ်သိန်း ၇၀၀ ထိခွင့်ပြုထားပါတယ်။ တောင်သူတွေအနေနဲ့ မိမိတို့ရဲ့လုပ်ငန်းခွင်မှာ အဆင်ပြေစွာအသုံးပြုနိုင်မဲ့ လိုအပ်တဲ့စက်အမျိုးအစားကို ဝယ်ယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးနေတာပါ။ လက်ရှိမှာဆိုရင် ရိတ်သိမ်းခြွေလှေ့စက် တစ်စီးရယ်၊ ထွန်စက်ကြီး နှစ်စီးရယ်ကို ဝယ်ယူအသုံးပြုနိုင်ဖို့ ချေးငွေထုတ်ချေးပေးပြီးပါပြီ"ဟု ဦးစိုးကိုကိုဝင်း ပြောပြသည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို တောင်သူများအသုံးပြုနိုင်ရန်အတွက် ချေးငွေထုတ်ချေးပေးနေသည့် မြို့နယ်များမှာ စဉ့်ကူးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာ၌ ပြည်တွင်းခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိ

**မန္တလေး ဩဂုတ် ၂၁**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာ၌ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့်ကျေးရွာများထဲမှ လက်ရှိခရီးသွားများ စိတ်ဝင်စားမှုရှိသည့်ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ စိန်ပန်းကုန်းကျေးရွာဖြစ်ကြောင်း၊ စိန်ပန်းကုန်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများကို ခရီးသွားများစိတ်ဝင်စားမှုများရှိကြောင်း၊ ၎င်းကျေးရွာမှ ဧရာဝတီမြစ်အတွင်း စက်လှေစီး၍ ဧရာဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုသည့် ခရီးသွားများလည်း များပြားကြောင်း သိရသည်။

"ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း ဖော်ဆောင်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေစပြီးတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) နဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းကတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာ၊ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်။ အခုလက်ရှိ စိန်ပန်းကုန်းကျေးရွာကို မန္တလေးဆိပ်ကမ်းကနေ ရေယာဉ်နဲ့သွားရောက်လည်ပတ်တဲ့ ခရီးသွားတွေ တော်တော်လေးများလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

စိန်ပန်းကုန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ ဩဂုတ်လ ပထမပတ်ကတစ်ရက်လျှင် ဦးရေ ၅၀ ကျော်သာ ရှိသော်လည်း ဩဂုတ်လ ဒုတိယပတ်မှစ၍ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဦးရေမှာ တစ်ရက်လျှင်ဦးရေ ၁၀၀ ကျော်ထိရှိလာကြောင်း သိရသည်။(၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲတီစိမ်း အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိလာ

**မန္တလေး ဩဂုတ် ၂၁**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် ပဲတီစိမ်း အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် ယခင်က ကုလားပဲနှင့် ပဲတီစိမ်းမှာ ပြည်တွင်းဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်သာရှိခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့် ပဲတီစိမ်းများကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်မှာလည်း ကောင်းခဲ့ကြောင်း သိရသည်။

"မန္တလေး ဈေးကွက်အတွင်း ဩဂုတ် ၁၄ ရက် ပေါက်ဈေးအရ ကုလားပဲ(V2) သုံးတင်းဝင် တစ်အိတ်ကို ငွေကျပ် ၂၆၃၀၀၀၊ ကုလားပဲ(V7)သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၆၇၀၀၀၊ ကုလားပဲ(929)သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၂၆၃၀၀၀ သာပေါက်ဈေးရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ကုလားပဲ(V2)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ်၂၇၇၀၀၀၊ ကုလားပဲ (V7) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၂၀၀၀၊ ကုလားပဲ(929)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၂၇၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဩဂုတ် ၁၄ ရက်ပေါက်ဈေးအရ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ သာရှိခဲ့သော်လည်း ယခုအခါ ပဲတီစိမ်းအရောင်းအဝယ်ကောင်းလာသဖြင့် ယနေ့ပေါက်ဈေးအရ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၆၈၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းဈေးနှုန်းများမှာ ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀၀၊ နှမ်းနက်(စမုန်)သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၅၀၈၇၀ စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံဧက ၅၀၈၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံလျာထား ၅၆၇၅၇ ဧကကို ယခုနှစ် မေလ စတုတ္ထပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲမျိုးစုံစိုက်ဧကများမှာ ပဲတီစိမ်း ၄၅၆၃၂ ဧက၊ ပဲစင်းငုံဧက ၂၇၉၀၊ အခြားပဲ ၂၄၄၈ ဧက စုစုပေါင်း ပဲမျိုးစုံဧက ၅၀၈၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် စိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံလျာထား ၅၆၇၅၇ ဧကကို မေလ စတုတ္ထပတ်က စတင်စိုက်ပျိုးခဲ့တာ ဒီနေ့ထိ ပဲမျိုးစုံဧက ၅၀၈၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ တောင်သူတွေ ပဲမျိုးစုံစနစ်တကျစိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းစေဖို့အတွက်လဲ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နေ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ ရေမြေရာသီဥတုနဲ့ ကိုက်ညီတဲ့သီးနှံတွေကို အဓိကစိုက်ပျိုးနိုင်အောင်ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်ထံမှ သိရသည်။

(၁၈၅)

# ကော့ကရိတ်မြို့နယ် နောင်ဟင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကော့ကရိတ် ဩဂုတ် ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်ဟင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။


ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အသင်းသား၊ အသင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကိုပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များထံ ငွေကျပ် ၃၃ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက နောင်ဟင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂ ဦးကို ငွေကျပ် ၃၃ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# မအူပင်မြို့နယ်တွင် ပဲစင်းငုံ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၄၀၀၀ ထိ ဈေးကောင်းရရှိနေ



**မအူပင် ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ပဲစင်းငုံ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် လက်ရှိ ပဲစင်းငုံလက်ကျန်များ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လက ပဲစင်းငုံ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၇၀၀၀ ထိသာ ဈေးရရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ပဲစင်းငုံ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါပဲစင်းငုံများ ဈေးကောင်းရရှိလာခြင်းသည် ပြည်ပဈေးကွက်မှ ဝယ်ယူမှုကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်မှာ လက်ကျန်ပဲစင်းငုံတွေ အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပဈေးကွက်ကို ပြန်တင်ပို့နေရတာကြောင့် ဈေးကောင်းရရှိနေတာပါ။ မအူပင်မြို့နယ်က တောင်သူတွေက မအူပင်က ပွဲရုံတွေမှာပဲ ရောင်းချတာများပါတယ်။ မအူပင်မြို့ကပွဲရုံတွေက ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်က ပွဲရုံကြီးတွေနဲ့ကုမ္ပဏီတွေက ပြည်ပဈေးကွက်ကို ပြန်လည်တင်ပို့ရောင်းချတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ပဲစင်းငုံအရောင်းအဝယ် ဖြစ်နေပါတယ်။ တောင်သူတွေကတော့ သူတို့ မျှော်မှန်းထားတဲ့ ဈေးနှုန်းထက်ပိုရနေလို့ အဆင်ပြေကြပါတယ်"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်နီနီဝင်းက ပြောပြသည်။

မအူပင်မြို့နယ်မှ ပဲစင်းငုံများကို လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များကဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါပဲစင်းငုံများကို ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက် အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံတို့သို့ တင်ပို့ရောင်းချနေကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# လဲချားမြို့နယ် နောင်မိန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**လဲချား ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်မိန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက နောင်မိန်းကျေးရွာ၌ လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နောင်မိန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၀ ဒသမ ၄၂၅ သန်းဖြင့် လာဘ်ရှင်(တောင်ကြီး) ကုမ္ပဏီက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက နောင်မိန်းကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းထံမှ သိရသည်။

**အေးသူ**

# စေတုတ္တရာမြို့နယ် မလှာပ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး

**စေတုတ္တရာ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ ယခုဘဏ္ဍာနှစ်တွင် မလှာပ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းကမလှာပ်ကိုင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မလှာပ်ကိုင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၀ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်လုပ်ငန်းလုပ်ကိုင်သူ ၉၄ ဦးကို ငွေကျပ် ၃၇ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၂ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**



# မိုဘိုင်းဖုန်းကြောင့် ကျန်းမာရေးမထိခိုက်စေဖို့ (အပိုင်း-၂)

**ပါမောက္ခကိုကိုအောင်**



မိုဘိုင်းဖုန်းပြောသည့်အခါ ဘယ်ဘက်နားဖြင့် နားထောင်သည်ဖြစ်စေ၊ ညာဘက်နားဖြင့် နားထောင်သည်ဖြစ်စေ နားထောင်ချိန်ကြာမြင့်လာသည်နှင့်အမျှ ဦးနှောက်၏ မှတ်ဉာဏ်စနစ်အတွက် လုပ်ဆောင်ပေးနေသည့် Temporal Lobes ကို ထိခိုက်မှုဖြစ်စေကာ တဖြည်းဖြည်းမှတ်ဉာဏ်လျော့ကျလာနိုင်သည်။ မိုဘိုင်းဖုန်းကို အသုံးပြုရာ၌ပင် နေရာအနေအထားမတူညီမှုက အကျိုးသက်ရောက်မှုကို အပြောင်းအလဲများစွာ ဖြစ်စေနိုင်သည်ကိုလည်း သတိပြုကြရန်လိုအပ်သည်။

ကျယ်ဝန်းသောအခန်း၊ ပြန့်ပြူးသောနေရာများ၌ မိုဘိုင်းဖုန်းအသုံးပြုခြင်းထက် ကျဉ်းမြောင်းသောနေရာများ၌ အသုံးပြုခြင်းက ဓာတ်ရောင်ခြည်ဖြာထွက်ခြင်း၏ သက်ရောက်မှုကို ပို၍အားကောင်းစေသည်။ မော်တော်ယာဉ်များအတွင်း၌အသုံးပြုခြင်း၊ ဓာတ်လှေကားအတွင်း၌အသုံးပြုခြင်း၊ ငွေထုတ်စက်(ATM Booth) အတွင်း၌ အသုံးပြုခြင်း စသည်တို့မှာ ဓာတ်ရောင်ခြည်သက်ရောက်မှုကို ပို၍ခံရနိုင်သောအနေအထားမျိုးများ ဖြစ်ကြသည်။ အလားတူပင် အရပ်အခေါ်အားဖြင့် လိုင်းမမိတမိဟု ပြောဆိုနေကြသော Out of Network Area များ၌ ဖုန်းသုံးစွဲလျှင် ဓာတ်ရောင်ခြည်သက်ရောက်အားက ပို၍ပင်ပြင်းထန်လာသည်။

ရက်သတ္တတစ်ပတ်လျှင် ခုနစ်ရက်လုံးလုံး မိုဘိုင်းဖုန်းကို အချိန်ပြည့်နီးပါးသုံးစွဲသူများတွင် စိတ်ဖိစီးခြင်းခံရမှုအဆင့် တစ်နေ့တခြား ပို၍တိုးလာခြင်းကို ခံကြရဖွယ်ရှိနေကြသည်။ အိပ်စက်သည့်အခါ မိုဘိုင်းဖုန်းကို ရင်ဘတ်ပေါ်တင်၍အိပ်စက်ခြင်း၊ ခေါင်းအုံးအောက်တွင်ထား၍ အိပ်စက်ခြင်း၊ ခေါင်းအုံးဘေးတွင်ထား၍အိပ်စက်ခြင်းများသည်လည်း ကာလကြာရှည်လာသည့်အခါ မှတ်ဉာဏ်ယုတ်လျော့လာခြင်းနှင့် ကြုံတွေ့ကြရနိုင်သည်။

မိုဘိုင်းဖုန်းများ၏ ဆိုးကျိုးသက်ရောက်မှုအတိုင်းအဆက ကလေးငယ်များအပေါ်၌ ပို၍ပင်ကြီးမားလှသည်။ အဘယ်ကြောင့်ဆိုသော် မိုဘိုင်းဖုန်းများကထုတ်လွှတ်သော Electromagnetic Radiation ကို ကလေးငယ်၏ ဦးနှောက်တစ်ရှူးများက လူကြီး၏ ဦးနှောက်တစ်ရှူးများထက် နှစ်ဆပို၍ စုပ်ယူနိုင်သလို ကလေးငယ်၏ ရိုးတွင်းခြင်ဆီများကလည်း လူကြီး၏ ရိုးတွင်းခြင်ဆီများထက် ဆယ်ဆပို၍ စုပ်ယူနိုင်သောကြောင့်ပင်ဖြစ်သည်။ ကလေးငယ်များကို အကြောင်းအမျိုးမျိုးဖြင့် မိုဘိုင်းဖုန်းများသုံးစွဲစေပါက အတန်းပညာသင်ယူသည့်အခါ ဉာဏ်ရည်နိမ့်ကျပြီး အများနှင့်မယှဉ်နိုင်သောအနေအထားမျိုးသို့ ရောက်ရှိသွားစေနိုင်သည်။

အထူးသဖြင့် အသက် ၁၂ နှစ်အောက်ကလေးငယ်များကို မည်သည့်အကြောင်းနှင့်မျှ မိုဘိုင်းဖုန်းသုံးစွဲခြင်းကို ခွင့်မပြုသင့်ပေ။ မျက်စိစွေသွားခြင်း၊ သဘာဝမြင်နိုင်စွမ်းအားကျဆင်းခြင်း၊ မျက်ရည်ခန်းခြောက်ခြင်း၊ မျက်ရည်ကျခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း စသည်တို့မှသည် ပတ်ဝန်းကျင်နှင့်ကင်းကွာခြင်း၊ အထီးကျန်ဆန်ခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုအားနည်းခြင်း၊ ဉာဏ်ရည်နိမ့်ကျခြင်းများထိ ဖြစ်စေနိုင်သည်။ မိဘများအဖို့ သားငယ်၊ သမီးငယ်ကလေးများကို အကြောင်းအမျိုးမျိုးဖြင့် မိုဘိုင်းဖုန်းအသုံးပြုစေခြင်းသည် မိမိသားသမီး၏ အနာဂတ်ဘဝကို ရိုက်ချိုးဖျက်ဆီးရာရောက်နေသည်ကို မိဘတိုင်းက ဆင်ခြင်သတိပြုကြရမည်ဖြစ်သည်။

မိုဘိုင်းဖုန်းများကသာ လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည်မဟုတ်။ ဆက်သွယ်ရေးတာဝါတိုင်ဟု ပြောဆိုသုံးနှုန်းနေကြသော Mobile Communication Transmitter များကလည်း ကျန်းမာရေးကို ပြင်းထန်စွာထိခိုက်စေကြောင်း သုတေသနပြုတွေ့ရှိရသည်။ လေ့လာသုတေသနပြုချက်တစ်ခုအရ မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင်နှင့်ကပ်လျက်အဆောက်အအုံ၌ နေထိုင်ကြသူများထဲတွင် ကင်ဆာဖြစ်ပွားမှုသုံးခုကို တွေ့ရှိခဲ့သည်။ အခြားသောလေ့လာမှုများစွာတို့ကလည်း မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင်မှ မီတာ ၃၀၀ အတွင်းနေထိုင်ကြသူများမှာ Electromagnetic Radiation ကြောင့် ဖြစ်ပွားနိုင်သည့်ရောဂါများကို ခံစားရနိုင်ခြေမြင့်မားကြောင်း ထောက်ပြလျက်ရှိနေကြသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီ မြို့သူ၊ မြို့သားများက လူအများစုဝေးရာ နေရာများဖြစ်ကြသည့် စာသင်ကျောင်း၊ ဆေးရုံ စသည်တို့၏ မီတာ ၅၀ အကွာအဝေးအဝန်းအဝိုင်းအတွင်း၌ မိုဘိုင်းဆက်သွယ်ရေးတာဝါတိုင်များစိုက်ထူခြင်းမပြုရန် အပြင်းအထန်ကန့်ကွက်နေကြသလို အမေရိကန်နိုင်ငံ၌လည်း မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင်များမှ နှစ်မိုင်အကွာအဝေးအတွင်း၌ နေထိုင်သူများအဖို့ ကျန်းမာရေးပြဿနာများနှင့်ကြုံတွေ့ကြရနိုင်ကြောင်း ထုတ်ပြန်သတိပေးထားသည်။

မိုဘိုင်းဖုန်းများထုတ်လုပ်ရာတွင် အမှတ်တံဆိပ်အမျိုးမျိုးနှင့် စွမ်းရည်အမျိုးမျိုးကွဲပြားလျက်ရှိနေကြသလို ထိုကဲ့သို့သော မတူကွဲပြားနေသည့် မိုဘိုင်းဖုန်းတို့က ထုတ်လွှတ်နေကြသောဓာတ်ရောင်ခြည်ပမာဏများကလည်း အမျိုးမျိုးအဖုံဖုံကွဲပြားခြားနားကြသည်။ သို့ရာတွင် မိုဘိုင်းဖုန်းထုတ်လုပ်သူများသည် မိမိတို့၏ ထုတ်ကုန် မိုဘိုင်းဖုန်းများကထုတ်လွှတ်သည့် ဓာတ်ရောင်ခြည်ပမာဏအတိုင်းအတာကို ရိုက်နှိပ်ဖော်ပြရန် ပျက်ကွက်လျက်ရှိနေကြသည်။ ထိုပမာဏကို သိရှိမှသာလျှင် SAR ဟု အတိုကောက်ခေါ်ဝေါ်သော Specific Absorption Rate ကို တွက်ချက်နိုင်မည်ဖြစ်ပြီး ထိုသို့တွက်ချက်မှုမှ ရရှိလာသော ရလဒ်အရ ဖုန်းသုံးစွဲသူက တစ်ဆက်တည်းသုံးစွဲနိုင်မည့် အချိန်အကန့်အသတ်ကို သိရှိနိုင်မည်ဖြစ်သည်။ ထိုအချိန်အကန့်အသတ်က ဖုန်းသုံးစွဲသူ၏ အနာဂတ်ဘဝ ကျန်းမာရေးအတွက် အလွန်အရေးကြီးသော အချက်ဖြစ်သည်။

မိုဘိုင်းဖုန်းဆက်သွယ်ရေးတာဝါတိုင်များက ထုတ်လွှတ်သောဓာတ်ရောင်ခြည်ဖြာထွက်မှုပမာဏများထဲတွင် တစ်စတုရန်းမီတာဧရိယာအတွက် ၉ ဒသမ ၂ ဝပ်(9.2 Watt / Square Meter) ထိသည် ကျန်းမာရေးအတွက် လက်သင့်ခံနိုင်သောပမာဏဖြစ်ကာ ထို့ထက်ပိုများပါက အနီးပတ်ဝန်းကျင်၌ ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်သည်။ ထို့အတူပင် မိုဘိုင်းဖုန်းက ထုတ်လွှတ်သော ဓာတ်ရောင်ခြည်များကို လူ့ခန္ဓာကိုယ်က စုပ်ယူသောနှုန်းမှာ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်အတွက် ၁ ဒသမ ၆ ဝပ်(1.6 Watt / Kg) ဖြစ်ပါက အန္တရာယ်ကင်းစွာ ထိုဖုန်းကိုတစ်ဆက်တည်း အသုံးပြုရမည့် အများဆုံးသောအချိန်အတိုင်းအတာမှာ ခြောက်မိနစ်မျှသာဖြစ်သည်။ ခန္ဓာကိုယ်အလေးချိန် တစ်ကီလိုဂရမ်အတွက် စုပ်ယူမှုပမာဏက ထို့ထက်ပိုများလေ တစ်ဆက်တည်းသုံးရမည့်အချိန်က လျော့နည်းသွားလေဖြစ်သည်။

သုံးမိနစ်ထက်ပို၍ ဖုန်းပြောရမည်ဆိုပါက Hand Free Unit ဖြင့်ပြောခြင်း၊ Bluetooth ကိုအသုံးပြု၍ ပြောခြင်း၊ မိုဘိုင်းဖုန်းကို တိုက်ရိုက်အသုံးပြုခြင်းထက် လက်ပ်တော့(Laptop)၊ ကွန်ပျူတာ၊ တက်ဘလက်(Tablet) စသည်တို့နှင့်ချိတ်ဆက်ကာ စင်တီမီတာ ၂၀ အကွာမှနေ၍ သုံးစွဲခြင်းတို့သည် မိုဘိုင်းဖုန်းမှထုတ်လွှတ်သော ဓာတ်ရောင်ခြည်သက်ရောက်မှုကို အဆတစ်သောင်းထိ လျှော့ချနိုင်သည်။ မော်တော်ကားအတွင်းနှင့် ဓာတ်လှေကားအတွင်းကဲ့သို့သောနေရာများ၌ မိုဘိုင်းဖုန်းသုံးစွဲမှုကို အတတ်နိုင်ဆုံးရှောင်ကြဉ်ခြင်း၊ လိုင်းမမိတမိအနေအထား၌ အသုံးမပြုဘဲ ကောင်းစွာလိုင်းမိသောနေရာများဆီသို့ ပြောင်းရွှေ့အသုံးပြုခြင်း၊ အိပ်စက်ချိန်တွင် မိုဘိုင်းဖုန်းကို စက်ဖွင့်ထားမည်ဆိုပါက အနည်းဆုံး ခုနစ်ပေအကွာ၌ထားရှိခြင်း၊ အသုံးပြုရန်မလိုအပ်ပါက စက်ပိတ်ထားခြင်း စသည်တို့သည် ကျန်းမာရေးအတွက် အလွန်ကောင်းသော အလေ့အထများပင်ဖြစ်ကြသည်။

ဘလူးဘယ်ရီသီးများနှင့် အယ်လ်မွန်စေ့များသည် ဓာတ်ရောင်ခြည်သင့်ခြင်းကြောင့်ရရှိလာသော Free Radicals များကို တိုက်ဖျက်ပေးခြင်းဖြင့် ကျန်းမာရေးအတွက် အလွန်ပင်အထောက်အကူပြုနိုင်ကြသည်။ ချယ်ရီသီးများစားသုံးခြင်း၊ အစိမ်းရင့်ရောင်ရှိသော ဘရိုကိုလီ(Broccoli) စားသုံးခြင်း၊ ပန်းဂေါ်ဖီ(Cauliflower) စားသုံးခြင်း၊ ဂေါ်ဖီထုပ်(Cabbage) စားသုံးခြင်းများကလည်း မိုဘိုင်းဖုန်းများကထုတ်လွှတ်သည့် ဓာတ်ရောင်ခြည်ကြောင့်ဖြစ်ပွားနိုင်ဖွယ်ရှိသော ဆိုးကျိုးများကို လျော့ကျစေနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ခေတ်အခါအနေအထားအရ မသုံးမဖြစ်သုံးနေကြရသည့် မိုဘိုင်းဖုန်းများကြောင့် ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို သိရှိဆင်ခြင်ကြပြီး ဉာဏ်နှင့်ယှဉ်ကာ သတိရှိရှိဖြင့် သုံးစွဲသွားကြခြင်းအားဖြင့် မိမိတို့၏ ဘဝတစ်သက်တာကျန်းမာရေးကို စောင့်ရှောက်သွားသင့်ကြပေသည်။

**❖ ဘလူးဘယ်ရီသီးများနှင့် အယ်လ်မွန်စေ့များသည် ဓာတ်ရောင်ခြည်သင့်ခြင်းကြောင့် ရရှိလာသော Free Radicals များကို တိုက်ဖျက်ပေးခြင်းဖြင့် ကျန်းမာရေးအတွက် အလွန်ပင်အထောက်အကူပြုနိုင်ကြသည်။ ချယ်ရီသီးများစားသုံးခြင်း၊ အစိမ်းရင့်ရောင်ရှိသော ဘရိုကိုလီ(Broccoli)စားသုံးခြင်း၊ ပန်းဂေါ်ဖီ(Cauliflower)စားသုံးခြင်း၊ ဂေါ်ဖီထုပ်(Cabbage)စားသုံးခြင်းများကလည်း မိုဘိုင်းဖုန်းများက ထုတ်လွှတ်သည့်ဓာတ်ရောင်ခြည်ကြောင့် ဖြစ်ပွားနိုင်ဖွယ်ရှိသော ဆိုးကျိုးများကို လျော့ကျစေနိုင်သည်။ ❖**

# ပင်းတယမြို့နယ် ကုန်းစောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ကျုံးကျေးရွာအုပ်စု ကုန်းစောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။


ဖွင့်ပွဲ၌ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်က ကုန်းစောင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ စီမံကိန်းဝင် အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဦးကျော်စိန်နှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းစောင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၆၁ ဦးကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်စိုင်**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ

အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေ တစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၄၆ ဧက စိုက်ပျိုးပြီးစီး

**လပွတ္တာ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၄၆ ဧကကို မေလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဖူးစားပြောင်းများ ရွက်လိပ်ပိုး၊ ရွက်ဖျက်ပိုး၊ ငမြှောင်တောင်ပိုး စသည့်ပိုးမွှားအန္တရာယ်များမကျရောက်စေရန်၊ ပြောင်းအထွက်နှုန်းကောင်းစေရန်၊ အရည်အသွေးကောင်းပြောင်းများဖြစ်စေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာနဲ့ အခြားကူညီမှုတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ ဒီနှစ် မိုးသီးနှံဖူးစားပြောင်း ၁၀၄၆ ဧကထိ လျာထားစိုက်ပျိုးခဲ့တာပါ။ ဖူးစားပြောင်းတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်နဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်း ဆောင်ရွက်ပေးထားပါတယ်။ အရင်နှစ်တွေကထက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ လုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးထားပါတယ်။ တောင်သူအသိပညာပေးလုပ်ငန်းတွေကိုလဲ အဆက်မပြတ်လုပ်ဆောင်ပေးနေပါတယ်" ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်းများ အခက်အခဲမရှိစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်သည့်ဌာနအဖွဲ့အစည်းများက ဒေသခံတောင်သူများနှင့် ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း၊ လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၃၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သရက်မြို့နယ် စမ်းအိုင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာ

**သရက် ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် စမ်းအိုင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနိုင်ရေး ကွင်းဆင်းတိုင်းတာခြင်းကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက



တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စမ်းအိုင့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်မြို့နယ် စမ်းအိုင့်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် လမ်းအရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ဝင်းမာ**

# အမျိုးချစ်သူတို့ ပြည်ထောင်စု

\- ဘိုးဘွားတို့ ထားခဲ့အမွေ
တို့ရေမြေ တို့ပိုင်နက်၊
ထိမခံ စဉ်လာကောင်းနဲ့
သမိုင်းကြောင်း စဉ်ဆက်၊
ယဉ်ကျေးမှု ရိုးရာဟန်
ဆက်ခံကာ စဉ်စောင့်ထိန်း၊
လက်ကမ်းဖော် ဂုဏ်ဆင့်လောင်း
မစောင်းမတိမ်း။

\- "မျိုးချစ်စိတ်" ပြိုင်စံယှဉ်
ရာဇဝင်မှာ ထင်အရှား၊
အမျိုးတွက်ဆို စွန့်လွှတ်မနှေး
သွေးရဲပုံများ၊
အရေးကြီး သွေးစည်းဆုံ
ဝန်းရံအုံ တူညီလှမ်း၊
ဇာတိဂုဏ် မျိုးမာန်ဟိတ်
တစ်စိတ်တစ်ဝမ်း။

\- ရေကိုသား ခြားမထင်
တစ်သားတည်းပင် မြဲအသင့်၊
"မြန်မာမှန်" မြန်မာ့စရိုက်
မငိုက်ဂုဏ်ဝင့်၊
သွေးကွဲဖို့ ဘယ်လိုမွှေ
တွဲလက်တွေ တင်းတင်းဆုပ်၊
ထင်းစည်းသွင် ပေါင်းစုထား
အင်အားပြယုဂ်။

\- အမျိုးချစ်သူ ညီနောင်ထုတို့
ပြည်ထောင်စု တို့မြန်ပြည်၊
သမိုင်းစဉ် ကောင်းမွေများနဲ့
ဝင့်ကြွားခဲ့သည်၊
သွေးစည်းမြဲ တွဲလက်ညီ
အားသစ်တည် လှမ်းချီကြ၊
ဖန်ခါခါ အပအမှောင့်တို့
ရန်ဘယာ မကျမနှောင့်ရအောင်
(သွေးချင်းတို့ရေ. . . )
စောင့်ရှောက်အစဉ် ဝန်းရံရပ်ကာပ
ညီညွတ်စွာ အမျိုးသားတေးနဲ့
သွေးဆုံညီ တပ်လှန့်ကြွေးရင်း
သွေးသက်သေပြ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ကလီဗာလီ ယခုလကုန်တွင် တရုတ်နိုင်ငံသို့ သွားရောက်ရန်စီစဉ်

**လန်ဒန် ဩဂုတ် ၂၁**

ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ကလီဗာလီသည် ယခုလကုန်ပိုင်းတွင် တရုတ်နိုင်ငံသို့သွားရောက်ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နှစ်ပေါင်းများစွာအတွင်း အနိမ့်ဆုံးအဆင့်သို့ကျဆင်းခဲ့ရသည့် နှစ်နိုင်ငံဆက်ဆံရေးကို ပုံစံပြန်ချရန် ကြိုးစားသည့်အနေဖြင့် တရုတ်နိုင်ငံသို့သွားရောက်ရန် နိုင်ငံခြားရေးဝန်ကြီး ကလီဗာလီက စီစဉ်ထားခြင်းဖြစ်ကြောင်း ဗြိတိန်အစိုးရသတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး၏ တရုတ်နိုင်ငံ ခရီးစဉ်သတင်းနှင့်ပတ်သက်၍ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနတို့က တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ကလီဗာလီသည် မူလက ယခုနှစ်ဇူလိုင်လကုန်တွင် တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသော်လည်း တရုတ်အစိုးရ၏နိုင်ငံခြားရေးဝန်ကြီးအပြောင်းအလဲကြောင့် ခရီးစဉ်ဖြစ်မြောက်ခြင်း မရှိခဲ့ကြောင်း သိရသည်။

ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး ကလီဗာလီသည် ဩဂုတ် ၂၉ ရက်တွင် ပေကျင်းမြို့သို့ရောက်ရှိမည်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များ၏အဆိုအရ သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး၏ တရုတ်နိုင်ငံခရီးစဉ်သည် မူလစီစဉ်ထားသလောက် ကြာမြင့်မည်မဟုတ်ဘဲ နှစ်ရက်သာကြာမြင့်ဖွယ်ရှိသည်ဟု သတင်းအရင်းအမြစ်များက ပြောကြားထားကြောင်း သိရသည်။ KKO

## စစ်သင်္ဘောမှတစ်ဆင့် ခရုစ်ဒုံးကျည်များစမ်းသပ်မှု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ကြီးကြပ်



**ပြုံယမ်း ဩဂုတ် ၂၁**

မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်များ စမ်းသပ်မှုတစ်ရပ်ကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် အရှေ့ဘက်ကမ်းရိုးတန်း၌ အခြေစိုက်ထားသည့် ရေတပ်အုပ်စုတစ်စုသို့ သွားရောက်၍ စစ်သင်္ဘောမှတစ်ဆင့် ခရုစ်ဒုံးကျည်များပစ်လွှတ်စမ်းသပ်မှုကို ကြီးကြပ်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

စစ်သင်္ဘောများ၏ တိုက်ပွဲဝင်နိုင်စွမ်းနှင့် ဒုံးကျည်စနစ်၏ စွမ်းဆောင်ရည်တို့ကို အတည်ပြုဆန်းစစ်ရေးအတွက် အဆိုပါခရုစ်ဒုံးကျည်စမ်းသပ်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကေစီအင်န်အေ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့သော် ခရုစ်ဒုံးကျည်စမ်းသပ်မှုများအား မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်သွားရောက်ကြီးကြပ်ခဲ့သည့် အချိန်ကာလကို ကေစီအင်န်အေ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က နှစ်စဉ်ပြုလုပ်မြဲနှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဩဂုတ် ၂၁ ရက်တွင် စတင်နေစဉ်မှာပင်စစ်သင်္ဘောမှတစ်ဆင့် ခရုစ်ဒုံးကျည် ပစ်လွှတ်မှုများကို မြောက်ကိုရီးယားက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ကျူးကျော်စစ်အတွက် ဇာတ်တိုက်လေ့ကျင့်မှုအဖြစ် မြောက်ကိုရီးယားနိုင်ငံက ရှုမြင်ထားကြောင်း သိရသည်။ KKO

## ကမ္ဘောဒီးယားအမျိုးသားလွှတ်တော်သစ်အစည်းအဝေး၌ ဘုရင်သီဟာမိုနီ မိန့်ခွန်းပြောကြား

**ဖနွမ်းပင် ဩဂုတ် ၂၁**

ယနေ့ကျင်းပသည့် ကမ္ဘောဒီးယား အမျိုးသားလွှတ်တော်သစ်ပထမဆုံးအစည်းအဝေးသို့ကမ္ဘောဒီးယားဘုရင် နိုရိုဒွန်သီဟာမိုနီတက်ရောက်ခဲ့ပြီး မိန့်ခွန်းပြောကြားခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။



အမျိုးသားလွှတ်တော် အမတ်သစ်များအနေဖြင့် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းနှင့် တန်းတူညီမျှမှုတို့ကို မြှင့်တင်ပေးကြရန် ကမ္ဘောဒီးယားဘုရင်က လွှတ်တော်မိန့်ခွန်း၌ တိုက်တွန်းခဲ့သည်။

ယနေ့ ညနေပိုင်းတွင် ကမ္ဘောဒီးယားဘုရင်သည် လွှတ်တော်အမတ်သစ်များ၏ ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားကို ဦးဆောင်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်း ကျင်းပခဲ့သော ကမ္ဘောဒီးယားရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် ဟွန်ဆန်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီက လွှတ်တော်အမတ်နေရာ ၁၂၅ နေရာအနက် ၁၂၀ ကို ရရှိခဲ့သည်။

ရွေးကောက်ပွဲပြီးဆုံးပြီးနောက် ဝန်ကြီးချုပ် ဟွန်ဆန်သည် ဝန်ကြီးချုပ်အရိုက်အရာကို သားဖြစ်သူ ဟွန်မာနက်ထံ လွှဲပေးထားပြီးဖြစ်သည်။

ဝန်ကြီးချုပ်ဟွန်မာနက်ဦးဆောင်သည့် ကမ္ဘောဒီးယားအစိုးရအဖွဲ့သစ်က ဩဂုတ် ၂၂ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ကြောင်း သိရသည်။ KKO

## တူရကီ၌ ခရီးသည်တင်ဘတ်စကားတစ်စီး လမ်းချော်၍ လမ်းဘေးမြောင်းထဲထိုးကျ၊ ခရီးသည် ၁၂ ဦး သေဆုံး

**အင်ကာရာ ဩဂုတ် ၂၁**

တူရကီနိုင်ငံ အလယ်ပိုင်း၌ ဩဂုတ် ၂၀ ရက်က ခရီးသည်တင်ဘတ်စကားတစ်စီး လမ်းချော်၍ လမ်းဘေးမြောင်းအတွင်း ထိုးကျခဲ့ရာ လူပေါင်း ၁၂ ဦး သေဆုံး၍ ၁၉ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ခရီးသည်တင် ဘတ်စကား ယာဉ်မောင်းသည် တစ်ဖက်လမ်းကြောပေါ်သို့ ဖြတ်တက်စဉ် ယာဉ်မှာထိန်းချုပ်မှုကင်းလွတ်ခဲ့ပြီး ကားလမ်းဘေး ချောက်ထဲသို့ ထိုးကျခဲ့ရခြင်းဖြစ်ကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆိုင်းဗက်စ်အမည်ရှိမြို့မှ အစ္စတန်ဘူလ်မြို့ဆီသို့ ဦးတည်မောင်းနှင်နေသည့် အဆိုပါဘတ်စကားသည် တူရကီအလယ်ပိုင်း ယော့ဇ်ဂတ်မြို့အနီး လမ်းချော်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်မတော်တဆမှုကြောင့် ခရီးသည် ၁၁ ဦး အခင်းဖြစ်နေရာမှာပင် သေဆုံးခဲ့ပြီး တစ်ဦးမှာ ဆေးရုံပေါ်၌သေဆုံးခဲ့ရကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒဏ်ရာရခရီးသည်များကိုအနီးအနားရှိ ဆေးရုံများသို့ခွဲ၍ ပို့ဆောင်ထားပြီး ဒဏ်ရာရသူတစ်ဦးမှာ စိုးရိမ်ရကြောင်း တူရကီတာဝန်ရှိသူများ၏အဆိုအရ သိရသည်။

လက်ရှိအချိန်တွင် တူရကီတာဝန်ရှိသူများသည်ယာဉ်မတော်တဆမှုဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ KKO



## တောင်ကိုရီးယား၌ သိမ်းယူခံထားရသည့် အီရန်ပိုင်ငွေကြေး ဒေါ်လာ ခြောက်ဘီလီယံကို ဆွစ်ဇာလန်ဘဏ်သို့ လွှဲပြောင်းပေးထားဟုဆို

**ဆိုးလ် ဩဂုတ် ၂၁**

တောင်ကိုရီးယားနိုင်ငံ၌ သိမ်းယူခံထားရသည့် အီရန်၏ ငွေကြေးပိုင်ဆိုင်မှုများကို တောင်ကိုရီးယားတာဝန်ရှိသူများက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ဆွစ်ဇာလန်ဗဟိုဘဏ်သို့ လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံနှင့် အီရန်နိုင်ငံတို့ပြုလုပ်မည့် အကျဉ်းသားနှင့် အီရန်ပိုင်ငွေကြေးများဖလှယ်ရေးအစီအစဉ်အရ အီရန်နိုင်ငံသို့ပြန်လည် လွှဲပြောင်းပေးအပ်ရေးအတွက် တောင်ကိုရီးယား၌ သိမ်းယူခံထားရသည့် အီရန်ငွေကြေးများကို ဆွစ်ဇာလန်ဗဟိုဘဏ်သို့ လွှဲပြောင်းပေးထားခြင်းဖြစ်ကြောင်း တောင်ကိုရီးယား မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နိုင်ငံ၌ ဖမ်းဆီးခံထားရသော အမေရိကန်အကျဉ်းသားငါးဦးကိုပြန်လွှတ်ပေးရန်နှင့် အပြန်အလှန်အနေဖြင့် တောင်ကိုရီးယား၌ သိမ်းယူခံထားရသည့် အီရန်ငွေကြေးများကို ပြန်ထုတ်ပေးရန် အီရန်နှင့် အမေရိကန်နိုင်ငံတို့က ယခုလအစောပိုင်းတွင် သဘောတူညီချက်ရယူထားပြီးဖြစ်သည်။


အီရန်ပိုင် ငွေကြေးများအား ဆွစ်ဇာလန်ဗဟိုဘဏ်သို့ လွှဲပေးထားသည်ဟူသော သတင်းများနှင့်ပတ်သက်၍ တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးဌာနက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့် ရယူထားသည့်သဘောတူညီချက်အရ အမေရိကန်အကျဉ်းသားများပြန်လွှတ်ရေးနှင့် အီရန်ပိုင်ငွေကြေးများပြန်ထုတ်ပေးရေးလုပ်ငန်းစဉ်မှာ အများဆုံးနှစ်လထိ ကြာမြင့်နိုင်ကြောင်း အီရန် နိုင်ငံခြားရေးဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန် အကျဉ်းသားငါးဦးကိုပြန်လွှတ်ပြီးချိန်တွင် အီရန်နိုင်ငံအနေဖြင့် တောင်ကိုရီးယား၌ သိမ်းယူခံထားရသည့် အမေရိကန်ဒေါ်လာခြောက်ဘီလီယံကိုပြန်လည်ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## တီယန်ကောင်းအာကာသစခန်းနှင့် ပတ်လမ်းတစ်ခုတည်းပေါ်တွင် ရှွန်တီယန်အာကာသရေဒီယိုတယ်လီစကုပ် တည်ဆောက်နေ



**ပေကျင်း ဩဂုတ် ၂၁**

တီယန်ကောင်း အာကာသစခန်းနှင့်ပတ်လမ်းတစ်ခုတည်းပေါ်တွင်နေရာယူမည့် ရှွန်တီယန်အာကာသရေဒီယိုတယ်လီစကုပ်ကို တရုတ်နိုင်ငံက တည်ဆောက်နေကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

ရှွန်တီယန်အမည်ရှိ အဆိုပါ အာကာသ ရေဒီယိုတယ်လီစကုပ်သည် တီယန်ကောင်းအာကာသစခန်းနှင့် ပတ်လမ်းတစ်ခုတည်းပေါ်တွင် နေရာယူ၍ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ရှွန်တီယန်အာကာသရေဒီယိုတယ်လီစကုပ်သည် တီယန်ကောင်းအာကာသစခန်းနှင့် သီးခြားစီရှိနေမည်ဖြစ်သော်လည်း လောင်စာဖြည့်တင်းရန်လိုအပ်လာချိန်၊ ပြုပြင်ထိန်းသိမ်းရန်လိုအပ်လာချိန်တွင် တီယန်ကောင်းအာကာသစခန်းနှင့် ချိတ်ဆက်နိုင်မည်ဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် ရှွန်တီယန် ရေဒီယိုတယ်လီစကုပ်သည် ကြယ်စုများ၊ ကြယ်စုဗဟိုချက်နယ်မြေများ၊ ကြယ်ဖွဲ့စည်းဖြစ်ပေါ်မှုနှင့် ဆင့်ကဲပြောင်းလဲမှုများကို လေ့လာမည်ဖြစ်သည်။

ရှွန်တီယန်အာကာသရေဒီယိုတယ်လီစကုပ် လေ့လာနိုင်သည့် မြင်ကွင်းအကျယ်သည် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်ထက် အဆ ၃၀၀ ပိုကျယ်ပြန့်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ရှွန်တီယန်အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၄ ခုနှစ်အတွင်း လွှတ်တင်ဖွယ်ရှိကြောင်း သိရသည်။ KKO

## ရုရှား၏ လူနာ-၂၅ လဆင်းယာဉ် လပတ်လမ်းပေါ်၌ နည်းပညာပိုင်းဆိုင်ရာအရေးပေါ်အခြေအနေနှင့်ရင်ဆိုင်နေရ

**မော်စကို ဩဂုတ် ၂၁**

ရုရှားအာကာသအေဂျင်စီ၏ လူနာ-၂၅ လဆင်းယာဉ်သည် လပတ်လမ်းပေါ်၌ နည်းပညာပိုင်းဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်နှင့် ရင်ဆိုင်နေရကြောင်း Space.Com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

လူနာ-၂၅ လဆင်းယာဉ်သည် ဩဂုတ် ၁၉ ရက်က လမျက်နှာပြင်ပေါ် ဆင်းသက်ရေးအတွက် နောက်ဆုံးအကြိမ် ပတ်လမ်းနေရာပြောင်းလဲမှု ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ပတ်လမ်းနေရာပြောင်းလဲရေးအတွက် ဒုံးအင်ဂျင်များဖွင့်ထားစဉ်အတွင်း လူနာ-၂၅ လဆင်းယာဉ်မှာ နည်းပညာပိုင်းဆိုင်ရာ အရေးပေါ်အခြေအနေနှင့်



ရင်ဆိုင်နေရကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် မြေပြင်ထိန်းချုပ်ရေးစခန်းကျွမ်းကျင်သူများက လူနာ-၂၅ လဆင်းယာဉ်ရင်ဆိုင်နေရသည့် ပြဿနာကို ဆန်းစစ်နေသည်ဟု ရုရှားအာကာသအေဂျင်စီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

ရုရှားအာကာသအေဂျင်စီသည် ၁၉၇၆ ခုနှစ်နောက်ပိုင်း ပထမဆုံး လဆင်းယာဉ်မစ်ရှင်အဖြစ် လူနာ-၂၅ လဆင်းယာဉ်မစ်ရှင်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## Lunar Trailblazer လစူးစမ်းလေ့လာရေးဂြိုဟ်တုကိုလွှတ်တင်ရန် အသင့်အနေအထားသို့ ရောက်လုနီးပါးရှိနေပြီဖြစ်

**ဝါရှင်တန် ဩဂုတ် ၂၁**

Lunar Trailblazer အမည်ရှိ လစူးစမ်းလေ့လာရေးဂြိုဟ်တုကို လွှတ်တင်ရန် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အနေဖြင့် အသင့်အနေအထားသို့ ရောက်လုနီးပါးရှိနေပြီဖြစ်ကြောင်း Space.Com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက လော့ခ်ဟိမာတင်ကုမ္ပဏီမှ ကျွမ်းကျင်သူများသည် Lunar Trailblazer ဂြိုဟ်တု၏လေ့လာစူးစမ်းရေးစနစ်နှစ်ခုအနက် ဒုတိယမြောက်စနစ်ကို တပ်ဆင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Lunar Trailblazer ဂြိုဟ်တုသည် အချင်း ၃ ဒသမ ၅ မီတာရှိသော ဂြိုဟ်တုတစ်စင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးချိန်တွင် ၎င်းဂြိုဟ်တုသည် လမျက်နှာပြင်ပေါ်၌ ရေဓာတ်တည်ရှိမှုကို ရှာဖွေဖော်ထုတ်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

Lunar Trailblazer ဂြိုဟ်တုကို ၂၀၂၄ ခုနှစ်အတွင်း လွှတ်တင်ရန် နာဆာအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အဖွဲ့သည် ၂၀၂၂ ခုနှစ်ကလည်း လကမ္ဘာပေါ်ရှိ ရေဓာတ်ကို ရှာဖွေဖော်ထုတ်ရေးအတွက် LunaH-Map အမည်ရှိ ကျူဆက်ဂြိုဟ်တုငယ်တစ်စင်း လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ KKO

# HEALTH

## အယ်ဇိုင်းမားဆေး Lecanemab က လူနာအများစုအတွက် ဘေးကင်းလုံခြုံမှုမရှိနိုင်

**နယူးယောက် ဩဂုတ် ၂၁**

ပထမဆုံးပေါ်ထွက်လာသည့် အယ်ဇိုင်းမားရောဂါဆေးများအနက် Lecanemab ဆေးမှာ လူနာအများစုအတွက် ဘေးကင်းလုံခြုံမှုမရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

လက်တွေ့စမ်းသပ်မှုမှ ထွက်ပေါ်လာသော ရလဒ်များအရ Lecanemab အမည်ရှိ အဆိုပါဆေးသည် အယ်ဇိုင်းမားရောဂါ အရှိန်တိုးလာမှုကို သုံးပုံတစ်ပုံ လျှော့ချပေးနိုင်ကြောင်း သိရသည်။

အထက်ပါရလဒ်များအရ တစ်လလျှင် နှစ်ကြိမ်ထိုးနှံရန်လိုအပ်သည့် Lecanemab ဆေးကို အယ်ဇိုင်းမားရောဂါ ကုသရေးအတွက် အသုံးပြုနိုင်ရန် အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ(အက်ဖ်ဒီအေ)ကလည်း အတည်ပြုချက်ပေးထားပြီးဖြစ်သည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏အဆိုအရ ဂျပန်အခြေစိုက် အီဆိုင်းဆေးကုမ္ပဏီက ထုတ်လုပ်ထားသည့် Lecanemab ဆေးသည် လူနာ ၁၀ ဦးလျှင် ကိုးဦးအတွက် ဘေးကင်းလုံခြုံမှုမရှိနိုင်ကြောင်း သိရသည်။

Lecanemab ဆေးကို စမ်းသပ်ရာတွင် အီဆိုင်းကုမ္ပဏီသုတေသနပညာရှင်များသည် အဝလွန်မှု၊ ဆီးချိုရောဂါ၊ နှလုံးပြဿနာများနှင့် ကင်ဆာရောဂါများရှိနေသူ၊ ရှိခဲ့ဖူးသူများ၊ အယ်ဇိုင်းမားလူနာများကို ထည့်သွင်းခြင်းမရှိခဲ့ပေ။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အယ်ဇိုင်းမားရောဂါလူနာများအနက် ၉၂ ရာခိုင်နှုန်းမှာ အထက်ဖော်ပြပါရောဂါနှင့် ရောဂါနောက်ခံအကြောင်းတရားများရှိနေသူများဖြစ်ကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ KKO

## ပြင်းထန်ကိုဗစ် - ၁၉ ရောဂါခံစားရသူများ ခုခံအားစနစ်၌ အပြောင်းအလဲများပေါ်ထွက်လာနိုင်

**နယူးယောက် ဩဂုတ် ၂၁**

ပြင်းထန်သော ကိုဗစ်- ၁၉ ရောဂါလက္ခဏာများ ခံစားခဲ့ရသူများ၏ ခုခံအားစနစ် (Innate Immune System) ၌ ရေရှည်မြဲသည့် အပြောင်းအလဲများ ပေါ်ထွက်လာနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။


Innate Immune System ခုခံအားစနစ်သည် ကိုယ်ခန္ဓာအတွင်းဝင်ရောက်လာသောရောဂါပိုးများကို ဦးစွာကာကွယ်ပေးသည့် ပထမဆုံးခံစစ်စည်းဖြစ်သည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်ရောဂါလက္ခဏာများ ပြင်းထန်ခဲ့ပါက ခုခံအားစနစ်ဆဲလ်များ၏ မျိုးဗီဇသတင်းအချက်အလက်များအပေါ် အကျိုးသက်ရောက်မှုရှိလာတတ်ပြီး ခုခံအားစနစ်၏ တုံ့ပြန်ပုံတွင် အပြောင်းအလဲများပေါ်ထွက်လာတတ်ကြောင်း သိရသည်။

ကိုဗစ်- ၁၉ ကြောင့် ခုခံအားစနစ်ဆဲလ်များ၏ မျိုးဗီဇအပြောင်းအလဲများမှာ တစ်နှစ်ထိကြာတတ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကိုဗစ်- ၁၉ ဖြစ်ဖူးသူ ၃၈ ဦးနှင့် ကျန်းမာရေးကောင်းမွန်သူ ၁၈ ဦးတို့ထံမှ ရယူထားသည့် သွေးနမူနာများကို စစ်ဆေးပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ကိုဗစ်- ၁၉ ကြောင့် ခုခံအားစနစ်၌ မော်လီကျူလာအဆင့် အပြောင်းအလဲများရှိလာမှုကြောင့် မည်သည့်ကျန်းမာရေးအကျိုးဆက်မျိုးပေါ်ထွက်လာနိုင်မည်ကို မသိရသေးကြောင်း သိရသည်။ KKO



# နိုင်ငံတကာ အားကစားသတင်းများ

## လီဗာပူးအသင်းက မက်အယ်လစ်စတာ၏ အနီကတ်ပြစ်ဒဏ်အတွက် အယူခံတင်သွင်း



**လန်ဒန် ဩဂုတ် ၂၁**

ပရီးမီးယားလိဂ် ပွဲစဉ်(၂)တွင် လီဗာပူးအသင်းက ဘုန်းမောက်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့သော်လည်း ကွင်းလယ်ကစားသမား မက်အယ်လစ်စတာသည် အနီကတ်ပြစ်ဒဏ်ကြောင့် သုံးပွဲပယ်ပြစ်ဒဏ်ချခံရမည်ဖြစ်သောကြောင့် လီဗာပူးအသင်းက အက်ဖ်အေသို့ အယူခံတင်သွင်းခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မက်အယ်လစ်စတာသည် အသင်းပွဲထွက်ကစားသမားစာရင်းတွင်ပါဝင်ခဲ့ပြီး အသင်းအနေဖြင့် ပွဲကစားချိန် ၂၇ မိနစ်နှင့်ပွဲချိန် ၃၆ မိနစ်တို့တွင် သွင်းဂိုးများရရှိခဲ့ကာ ဘုန်းမောက်အသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် ဦးဆောင်နေချိန်တွင် မက်အယ်လစ်စတာသည် ပွဲချိန် ၅၈ မိနစ်တွင် ပြိုင်ဘက်ကစားသမားခရစ်စတင်းကို ကြမ်းတမ်းစွာဖျက်ထုတ်ကစားခဲ့သောကြောင့် ကွင်းလယ်ဒိုင်က တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

သို့သော် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က မက်အယ်လစ်စတာ၏ဖျက်ထုတ်မှုကို ပြန်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် ၎င်းသည် ပြိုင်ဘက်ကစားသမားကို ရည်ရွယ်ချက်ရှိရှိ ဥပဒေပြင်ပမှ ကြမ်းတမ်းစွာဖျက်ထုတ်ခဲ့သည်ဟု ယူဆခဲ့ကာ နှစ်ပွဲပယ်ပြစ်ဒဏ်အစား သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခဲ့သောကြောင့် လီဗာပူးအသင်းတာဝန်ရှိသူများက အဆိုပါပြစ်ဒဏ်ကို ငြင်းဆိုခဲ့ပြီးအယူခံတင်သွင်းမည်ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား မက်အယ်လစ်စတာသည် လာမည့် ဩဂုတ် ၂၇ ရက်တွင် ကစားရမည့် နယူးကာဆယ်အသင်းပွဲစဉ်၊ စက်တင်ဘာ ၃ ရက်တွင် ကစားရမည့် အေဗီလာအသင်းပွဲစဉ်နှင့် စက်တင်ဘာ ၁၆ ရက်တွင် ကစားရမည့် ဝုဗ်အသင်းပွဲစဉ်တို့ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။ ML

## ချဲလ်ဆီးအသင်းနည်းပြ ပိုချက်တီနိုက တိုက်စစ်ကစားသမားသစ် ထပ်မံခေါ်ယူမည်

**လန်ဒန် ဩဂုတ် ၂၁**

ချဲလ်ဆီးအသင်းနည်းပြ ပိုချက်တီနိုက ဝက်စ်ဟမ်းအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် အပြောင်းအရွှေ့ကာလမပြီးဆုံးမီ တိုက်စစ်ကစားသမားသစ်ခေါ်ယူရန်ကြိုးပမ်းသွားမည်ဟု ပြောကြားခဲ့ကြောင်း Fooball London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက စတင်ပြီး အသင်းပိုင်ရှင် တော့ဘိုလီပိုင်ဆိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့်နှစ်အပြောင်းအရွှေ့ကာလတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ်အများအပြားအသုံးပြုခဲ့သကဲ့သို့ ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘရိုက်တန်အသင်းမှ ကာစီဒိုကို စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၁၁၅ သန်းဖြင့်ခေါ်ယူခဲ့သည့် အပြောင်းအရွှေ့အပါအဝင် ကစားသမားသစ်များစွာ အင်အားဖြည့်တင်းထားခြင်းဖြစ်သည်။

နည်းပြပိုချက်တီနိုက "လက်ရှိကစားသမားအပြောင်းအရွှေ့ကာလမပြီးဆုံးမီ အသင်းနဲ့ကိုက်ညီမဲ့ကစားသမားသစ်ခေါ်ယူဖို့ကခက်ခဲမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့ တိုက်စစ်ပိုင်းအတွက် ကစားသမားသစ်တွေ ခေါ်ယူသွားဦးမှာပါ။ အသင်းက တာဝန်ရှိသူတွေကိုလဲ အသင်းတိုက်စစ်ပိုင်းအတွက် ကစားသမားသစ်ခေါ်ယူဖို့ ပြောထားပြီးပါပြီ။ သူတို့အနေနဲ့လဲအပြောင်းအရွှေ့မပြီးဆုံးမီ ကစားသမားသစ်ခေါ်ယူနိုင်ဖို့ ကြိုးစားနေပါတယ်" ဟု ပြောကြားခဲ့သည်။

ချဲလ်ဆီးအသင်းသည် အသင်းပိုင်ရှင် တော့ဘိုလီလက်ထက် အပြောင်းရွှေ့ ကာလများတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ် စတာလင်ပေါင် တစ်ဘီလီယံခန့်ထိရှိနေပြီဖြစ်ပြီး လက်ရှိကစားသမားအပြောင်းအရွှေ့ ကာလတွင်လည်း နည်းပြပိုချက်တီနိုစိတ်ကြိုက်ကစားသမားသစ်များ ခေါ်ယူအင်အားဖြည့်တင်းထားသော်လည်း လက်ရှိအချိန်ထိနိုင်ပွဲမရရှိသေးဘဲ အဖွင့်ပွဲစဉ်ကို လီဗာပူးအသင်းနှင့်သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲစဉ်(၂)တွင်လည်း မြို့ခံပြိုင်ဘက် ဝက်စ်ဟမ်းအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ထားကြောင်း သိရသည်။

STA



## နိုင်ငံတကာပြိုင်ပွဲပြီးဆုံးချိန်တွင် ခံစစ်ကစားသမား ဂ္ဂျန်စတုန်း အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်မည်ဟု နည်းပြဂွါဒီယိုလာ ထုတ်ပြန်

**မန်ချက်စတာ ဩဂုတ် ၂၁**

ပရီးမီးယားလိဂ် ပွဲစဉ်များကို လွဲချော်ခဲ့သည့် ခံစစ်ကစားသမား ဂ္ဂျန်စတုန်းအနေဖြင့် ကြွက်သားဒဏ်ရာကြောင့် နိုင်ငံတကာပြိုင်ပွဲပြီးဆုံးချိန်မှသာအသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်မည်ဟု မန်စီးတီးနည်းပြဂွါဒီယိုလာက ထုတ်ပြန်ခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂ္ဂျန်စတုန်းသည် အာဆင်နယ်အသင်းနှင့်ကစားခဲ့သည့် ကွန်မြူနတီဒိုင်းပွဲစဉ်တွင် ပွဲချိန်ပြည့်ပါဝင်ကစားနိုင်ခဲ့ပြီးနောက် တင်ပါးကြွက်သားဒဏ်ရာကြောင့် ပရီးမီးယားလိဂ် ပွဲစဉ်များဖြစ်သည့် ဘန်လေအသင်းနှင့်ပွဲစဉ်၊ နယူးကာဆယ်အသင်းနှင့် ပွဲစဉ်တို့ကို လွဲချော်ခဲ့ပြီးနောက် မန်စီးတီးနည်းပြဂွါဒီယိုလာက ဂ္ဂျန်စတုန်း၏ ဒဏ်ရာအခြေအနေမှာ ရက်သတ္တပတ်ခန့် အနားယူရမည်ဖြစ်သောကြောင့် နိုင်ငံတကာပြိုင်ပွဲကာလပြီးဆုံးချိန်မှသာ အသင်းနှင့်ပူးပေါင်းနိုင်မည်ဟု ပြောကြားခဲ့သည်။

မန်စီးတီးနည်းပြ ဂွါဒီယိုလာက "ဂ္ဂျန်စတုန်းအနေနဲ့ ဒဏ်ရာကြောင့် လာမဲ့ပွဲစဉ်တွေကိုပါဝင်ဖို့ အသင့်မဖြစ်သေးပါဘူး။ သူဟာအသင်းမှာ ကစားပုံတိုးတက်လာတဲ့ကစားသမားဖြစ်သလို အသင်းရဲ့ကွင်းလယ်ပိုင်းထိပါ ပါဝင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ အသင်းအနေနဲ့ လာမဲ့ရှက်ဖီးလ်အသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်မှာလဲ ဂ္ဂျန်စတုန်းကိုလက်လွှတ်ရအုံးမှာပါ။ လာမဲ့ စက်တင်ဘာ ၁၆ ရက်မှာ ကစားမဲ့ ဝက်စ်ဟမ်းအသင်းနဲ့ပွဲစဉ်မှာတော့ ပြန်လည်ပါဝင်နိုင်မှာပါ"ဟု ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် ဂ္ဂျန်စတုန်းကို လက်လွှတ်ခဲ့ရသော်လည်း ကွင်းလယ်ပိုင်းတွင် ကိုဗာဆစ်ကို ထည့်သွင်းအသုံးပြုခဲ့ပြီး ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် ဘန်လေအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် နယူးကာဆယ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ ML

## သောမတ်ပါတေးကိုခေါ်ယူရန် ဂါလာတာစာရေးအသင်း၏ ကမ်းလှမ်းမှုကို အာဆင်နယ်အသင်းငြင်းပယ်

**လန်ဒန် ဩဂုတ် ၂၁**

ဂါလာတာစာရေးအသင်းသည် ကွင်းလယ်ကစားသမား သောမတ်ပါတေးကို ပြောင်းရွှေ့ကြေးယူရို ၁၀ သန်းဖြင့်ခေါ်ယူရန်ကမ်းလှမ်းခဲ့ရာ အာဆင်နယ်အသင်းက ငြင်းပယ်ခဲ့ကြောင်း N Opera News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုအပြောင်းအရွှေ့ ကာလတွင် ကွင်းလယ်ကစားသမား ပါတေးကို အရောင်းစာရင်းတင်သွင်းထားသော်လည်း ဂါလာတာစာရေးအသင်းက ပြောင်းရွှေ့ကြေးယူရို ၁၀ သန်းဖြင့်သာ ကမ်းလှမ်းခဲ့သည့်အတွက် ငြင်းပယ်ခဲ့ပြီးပြောင်းရွှေ့ကြေး ယူရို ၁၄ သန်းရရှိပါက လက်လွှတ်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၀ ရှိ ကွင်းလယ်ကစားသမားသည် ၂၀၂၀ ပြည့်နှစ်ကအေတီကိုအသင်းမှ အာဆင်နယ်အသင်းသို့ရောက်ရှိခဲ့ပြီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀၁ ပွဲပါဝင်ခဲ့သော်လည်း သွင်းဂိုးငါးဂိုးသာသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းကောင်းပြသနိုင်ရန် ရုန်းကန်နေရသောကြောင့် နည်းပြအာတီတာက အသက်အရွယ်ရလာသည့် ပါတေးကို အသင်းမှထွက်ခွာခွင့်ပြုခဲ့ပြီး အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီရောင်းချရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။



အာဆင်နယ်အသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ရှာကာကို လက်လွှတ်ခဲ့ရသော်လည်း ဒီကလန်ရိုက်ကို ခေါ်ယူနိုင်ခဲ့ပြီးနောက် ကွင်းလယ်ပိုင်းတွင် ဒီကလန်ရိုက်နှင့် အိုဒီဂတ်တို့အတွဲကို အသုံးပြုလျက်ရှိပြီး ပါတေးကိုအရန်ကစားသမားအဖြစ်သာအသုံးပြုနေသောကြောင့် ပါတေးအနေဖြင့် အသင်းမှထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး ဂါလာတာစာရေးအသင်းသို့မဟုတ် ဆော်ဒီကလပ်အသင်းတစ်သင်းသို့ပြောင်းရွှေ့ရန် သေချာလျက်ရှိကြောင်း သိရသည်။

ML

## အားကစားသတင်း အတိုအထွာများ

- ဆော်ဒီအာရေဗျကလပ် အယ်အာလီအသင်းက အေတီကိုအသင်းကစားသမား ဒီပေါ်လ်ကို မြင့်မားသည့်လုပ်ခလစာဖြင့်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။
- ချဲလ်ဆီးအသင်းကခေါ်ယူရန် ကြိုးပမ်းနေသည့် တိုက်စစ်မှူး ဝါဟီကို လန်းအသင်းက ပြောင်းရွှေ့ကြေးယူရိုသန်း ၃၀ ဖြင့်ခေါ်ယူခဲ့ပြီး ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။
- ခံစစ်ကစားသမား လူးကပ်ဒင်ဂီကို လက်လွှတ်ခဲ့ရသည့် အေဗီလာအသင်းက အာဆင်နယ်အသင်းကစားသမား တာဗာရက်စ်ကိုခေါ်ယူရန် ချိတ်ဆက်လျက်ရှိသည်။
- ဘဏ္ဍာရေးအခက်အခဲနှင့် ရင်ဆိုင်နေရသည့် ဘာစီလိုနာအသင်းသည် ခံစစ်ကစားသမား မားကို့စ်အလွန်ဆိုကိုအသင်းတွင် ဆက်လက်ထိန်းသိမ်းရန်ဆန္ဒရှိသော်လည်း ကစားသမားမှတ်ပုံတင်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ ML

# Cincinnati Masters အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ်က ဆွတ်ခူးပြီး အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခိုခိုဂေါက်ဖ် ဆွတ်ခူး





**စင်စင်နာတီ ဩဂုတ် ၂၁**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့တွင် ကျင်းပခဲ့သည့် Cincinnati Masters အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်က စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်ကို (၅-၇၊ ၇-၆၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အယ်ကာရက်ဇ်နှင့် ကမ္ဘာ့အဆင့်(၂)နေရာတွင် ရပ်တည်နေသည့် ဂျိုကိုဗစ်တို့၏ပွဲစဉ်သည် ပရိသတ်များကို အကြိုက်တွေ့စေသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီးအကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရသည့်အတွက် ပွဲကစားချိန်မှာလည်း ၃ နာရီ ၄၉ မိနစ်ထိ ကြာမြင့်ခဲ့သည်။

အယ်ကာရက်ဇ်သည် ပထမပွဲငယ်တွင် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည့်အခွင့်အရေးဖြင့် လွဲချော်ခဲ့ရသည်။

ဂျိုကိုဗစ်နှင့် အယ်ကာရက်ဇ်တို့၏ပွဲစဉ်သည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ATP Tour ၏ ပွဲချိန်အကြာဆုံးသောဗိုလ်လုပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

Cincinnati Masters အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အမေရိကန်တင်းနစ်မယ် ခိုခိုဂေါက်ဖ်နှင့် ချက်တင်းနစ်မယ် မူချိုဗာတို့ယှဉ်ပြိုင်ကစားခဲ့ကြပြီး ခိုခိုဂေါက်ဖ်က(၆-၃ ၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲခဲ့ကြောင်း သိရသည်။

AZL

# အေအက်ဖ်စီဖလား ရှုံးထွက်အဆင့်ကစားရန်အတွက် ရန်ကုန်ယူနိုက်တက်အသင်း အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၁**

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး ကျင်းပလျက်ရှိနေသည့် အေအက်ဖ်စီဖလားပြိုင်ပွဲနောက်ဆုံးအဆင့် ရှုံးထွက်ပွဲစဉ်ကစားရန်အတွက် ရန်ကုန်ယူနိုက်တက်အသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံ ဒန်ပါဆာလေဆိပ်သို့ထွက်ခွာခဲ့ရာ ယနေ့ည ၈ နာရီ မိနစ် ၅၀ ခန့်တွင် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် အဆင့်(၂)နေရာ၌ ရပ်တည်နိုင်ခဲ့သည့်အတွက် အေအက်ဖ်စီဖလားပြိုင်ပွဲတွင် ဒုတိယအဆင့်ခြေစစ်ပွဲမှ စတင်ဝင်ရောက်ကစားခဲ့ရပြီး ဒုတိယအဆင့်ခြေစစ်ပွဲအဆင့်တွင် ဘရူနိုင်းကလပ် DPMM အသင်းကို အိမ်ကွင်းတွင် လက်ခံကစားခဲ့ရာ နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ဆုံးအဆင့် ခြေစစ်ပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားကလပ် PSM Makassar အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အင်ဒိုနီးရှားလီဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် အေအက်ဖ်စီဖလားပြိုင်ပွဲကို နောက်ဆုံးအဆင့်ခြေစစ်ပွဲအဆင့်မှ စတင်ဝင်ရောက်ကစားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်စီ ဖလားပြိုင်ပွဲ နောက်ဆုံးအဆင့် ရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် PSM Makassar အသင်းတို့သည် ဩဂုတ် ၂၃ ရက်တွင် ကစားသွားမည်ဖြစ်ပြီး အနိုင်ရရှိသည့် အသင်းအနေဖြင့် အေအက်ဖ်စီဖလား ပြိုင်ပွဲတွင် အုပ်စုအဆင့်သို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

STA

# သက်တမ်းအလိုက်အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုများဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် စပိန်တိုက်စစ်မှူး ပါရယ်အူအီလို မှတ်တမ်းဝင်



**မက်ဒရစ် ဩဂုတ် ၂၁**

သက်တမ်းအလိုက်အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲများတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးကစားသမားအဖြစ် စပိန်အမျိုးသမီးအသင်းတိုက်စစ်မှူး ပါရယ်အူအီလို မှတ်တမ်းဝင်ခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၉ နှစ်သာရှိသေးသည့် ပါရယ်အူအီလိုသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ဗီလာရီးရဲလ်အမျိုးသမီးအသင်းနှင့်အတူ စတင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်က ဘာစီလိုနာ အမျိုးသမီးအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းအတွက်ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

ပါရယ်အူအီလိုသည် ဘာစီလိုနာအမျိုးသမီးအသင်းတွင်လည်း အဓိက ကစားသမားအဖြစ်ပွဲထွက်ခွင့်ရရှိခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဘာစီလိုနာအသင်းနှင့်အတူ ၁၈ပွဲပါဝင်ခွင့်ရရှိခဲ့ကာ ၁၁ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး လေးကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အုပ်စုပွဲစဉ်များမှစတင်ပြီး ဗိုလ်လုပွဲစဉ်ထိ ခုနစ်ပွဲပါဝင်ခွင့်ရရှိခဲ့ရာ နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် အသင်းနှင့် ကမ္ဘာ့ဖလားချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးလူငယ် ကစားသမားဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ပါရယ်အူအီလိုသည် ပြီးခဲ့သည့် ၂၀၁၈ခုနှစ်က ယူ-၁၇ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်ယူ-၁၇ အမျိုးသမီးအသင်းနှင့် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သကဲ့သို့ ပြီးခဲ့သည့် ၂၀၂၂ခုနှစ်က ယူ-၂၀ အမျိုးသမီးဖလားပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ယခုနှစ်တွင်လည်း ကမ္ဘာ့ဖလားချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် သက်တမ်းအလိုက် ကမ္ဘာ့ဖလားပြိုင်ပွဲများအားလုံးတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။ STA

# BMW Championship ပြိုင်ပွဲ ချန်ပီယံဆုကို နော်ဝေကစားသမား ဟိုဗ်လန်း ဆွတ်ခူး

**အီလ်ပီယာဖီး ဩဂုတ် ၂၁**

အမေရိကန်နိုင်ငံ အီလီနွိုက်စ်ပြည်နယ် အိုလံပီယာဖီးမြို့တွင် ကျင်းပခဲ့သည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နော်ဝေဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဖစ်ဇ်ပက်ထရစ်နှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဟိုဗ်လန်းအနေဖြင့် ပထမနေ့မှစ၍ တတိယနေ့ထိပုံမှန်အတိုင်းသာ ကစားနိုင်ခဲ့သော်လည်းနောက်ဆုံးနေ့တွင် အံ့အားသင့်ဖွယ်လက်စွမ်းပြသခဲ့ပြီး နောက်ဆုံးရက်တစ်ရက်တည်း၌ သတ်မှတ်ရိုက်ချက်ထက် ကိုးချက်ထိ လျော့ရိုက်နိုင်ခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည်။

ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အသက် ၂၅ နှစ်ရှိ ဟိုဗ်လန်းသည် Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲဝင်မည့် ဥရောပအသင်း၏လူစာရင်းတွင် ပါဝင်နိုင်ခဲ့ကြောင်း သိရသည်။ AZL




# WBC Asia မစ်ဒယ်ဝိတ်တန်းချန်ပီယံခါးပတ်ကို ထရင်တယ်လောင်း ဆွတ်ခူး

**ဟိုချီမင်း ဩဂုတ် ၂၁**

WBC Asia မစ်ဒယ်ဝိတ်တန်းချန်ပီယံလုပွဲအဖြစ် ဗီယက်နမ်လက်ဝှေ့သမား ထရင်တယ်လောင်းနှင့် ထိုင်းလက်ဝှေ့သမားချာယာနွန်တို့ ဩဂုတ် ၂၀ ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ထိုးသတ်ယှဉ်ပြိုင်ခဲ့ရာ ထရင်တယ်လောင်းက သတ္တမမြောက်အချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကိုဆွတ်ခူးခဲ့ကြောင်း Vietnam Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချန်ပီယံခါးပတ်အတွက်အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ထရင်တယ်လောင်းနှင့် ချာယာနွန်တို့၏စိန်ခေါ်ပွဲသည် အာရှလက်ဝှေ့လောက၏ အကောင်းဆုံး စိန်ခေါ်ပွဲများစာရင်းတွင် ပါဝင်လာခဲ့သည်။

ထရင်တယ်လောင်းအနေဖြင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် နောက်ဆုံးထိုးသတ်ခဲ့သောစိန်ခေါ်ပွဲငါးပွဲတွင် ငါးပွဲစလုံးအနိုင်ရခဲ့ပြီး ဒိုင်ပွဲရပ်ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်းလည်းဖြစ်သည်။

ပထမအချီမှ သတ္တမမြောက်အချီထိ အပြန်အလှန်ဖိအားပေးထိုးသတ်ခဲ့ကြပြီး သတ္တမမြောက်အချီထိုးသတ်အပြီးတွင် အဋ္ဌမအချီထိုးသတ်ရန်အတွက် ထရင်တယ်လောင်းက အသင့်ပြင်ဆင်နေခဲ့သော်လည်း ချာယာနွန်က အဋ္ဌမမြောက်အချီကို ဆက်လက်ထိုးသတ်နိုင်ခြင်းမရှိတော့ကြောင်း ကြိုးဝိုင်းဒိုင်ကို အသိပေးလာသည့်အတွက် ထရင်တယ်လောင်းကဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထရင်တယ်လောင်းက "ချန်ပီယံခါးပတ်ကိုရရှိခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီစိန်ခေါ်ပွဲအတွက် ကျွန်တော့်အနေနဲ့ အများကြီးပြင်ဆင်ခဲ့ရတယ်။ အနိုင်ရဖို့အတွက် အကောင်းဆုံး ကြိုးစားခဲ့တယ်။ လိုချင်တဲ့ရလဒ်ကိုရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီချန်ပီယံခါးပတ်အတွက် ကျွန်တော့်မိတ်ဆွေသူငယ်ချင်းတွေ၊ မိသားစုဝင်တွေနဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်။ သူတို့ကြောင့် စိတ်ဓာတ်ခွန်အားရပြီး အခုလိုအောင်မြင်မှုရခဲ့တာပါ။ အနာဂတ်မှာအောင်မြင်မှုတွေ ဆက်တိုက်ရယူနိုင်မယ်လို့လဲယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# စကားလက်ဆောင်၊ စာလက်ဆောင်

အောင်ကြည်ညွန့်(တက္ကသိုလ်)

စားသောက်ဖွယ်ရာ ကောင်းကောင်းမွန်မွန်တွေ့တိုင်း၊ မိမိစားသုံးရတိုင်း ခင်မင်ရင်းနှီးသောမိတ်ဆွေသူငယ်ချင်းများကို အထူးသတိရတတ်ပါသည်။ မိတ်ဆွေကောင်းတို့၏ သဘောသဘာဝအတိုင်း ဖြစ်သည်။

ထို့အတူပင် စာပေလေ့လာလိုက်စားသူ၊ စာပေချစ်သူ၊ မြန်မာစာပေကို လေးစားတန်ဖိုးထားသူများအတွက်လည်း စာကောင်းပေကောင်းလေးများတွေ့လျှင် မိမိမိတ်ဆွေ ရေးဖော်ရေးဖက်များကိုလက်တို့တတ်ကြသည်။ စာစကားနှင့်ပြောရသော် "သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့"ဟု ဆိုပါတော့သည်။

စာပေမွေ့လျော်သူအချင်းချင်း ဆွေးနွေးကြ၊ နှီးနှောကြ၊ တိုင်ပင်ကြနှင့် အလွန်နှစ်သက်ပျော်ရွှင်ဖွယ်ကောင်းသော စာပေဝန်းကျင်တစ်ခုဖြစ်လာသည်။

ယခုခေတ်ကား သတင်းခေတ်၊ ဖေ့ဘွတ်ခေတ်၊ အင်တာနက်ခေတ် ဖြစ်သဖြင့် မိမိသိစေလိုသော "စာ" သတင်းအချက်အလက်တို့ကို စက္ကန့်ပိုင်းအတွင်း ပြည်သူများဆီသို့ ရောက်ရှိသွားသည်။

လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က စာရေးသူတို့ ပညာရေးတက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းအတွက် စာပေဟောပြောပွဲတစ်ခု ပြုလုပ်ပါသည်။ စာပေပညာရှင် စာရေးဆရာကြီး မင်းသုဝဏ်က ဟောပြောသည်။ ခေါင်းစဉ်မှာ "မြန်မာစာပေနှင့် ကိုယ်ကျင့်တရား"ဖြစ်သည်။ ဟောပြောရာတွင် အဓိကထုတ်နုတ်ကိုးကားသော စာအုပ်နှစ်အုပ်မှာ ရှင်မဟာရဋ္ဌသာရ ရေးသားတော်မူသော "ကိုးခန်းပျို့"နှင့် "သံဝရပျို့"တို့မှ လူတို့ကျင့်ဖွယ်၊ လိုက်နာဖွယ် ကိုယ်ကျင့်တရားများကို ထုတ်နုတ်ပြောကြားသွားခဲ့သည်။

**❖ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ကျော်က စာရေးသူတို့ ပညာရေးတက္ကသိုလ်တွင် ဘွဲ့လွန်သင်တန်းအတွက် စာပေဟောပြောပွဲတစ်ခု ပြုလုပ်ပါသည်။ စာပေပညာရှင် စာရေးဆရာကြီး မင်းသုဝဏ်က ဟောပြောသည်။ ခေါင်းစဉ်မှာ "မြန်မာစာပေနှင့် ကိုယ်ကျင့်တရား" ဖြစ်သည်။ ဟောပြောရာတွင် အဓိကထုတ်နုတ်ကိုးကားသော စာအုပ်နှစ်အုပ်မှာ ရှင်မဟာရဋ္ဌသာရ ရေးသားတော်မူသော "ကိုးခန်းပျို့"နှင့် "သံဝရပျို့"တို့မှ လူတို့ကျင့်ဖွယ်၊ လိုက်နာဖွယ် ကိုယ်ကျင့်တရားများကို ထုတ်နုတ်ပြောကြားသွားခဲ့သည်။ ❖**

ပညာပြည့်ဝ နှလုံးလှသော ဆရာကြီးမင်းသုဝဏ်သည် လေအေးအေးနှင့်တစ်နာရီကျော် မရပ်မနား ပုံတိုပတ်စ ဆိုရိုးစကား၊ မဟာဝင်၊ ဗုဒ္ဓဝင်၊ ရာဇဝင်၊ ပုံပြင်၊ နိပါတ်တို့မှ ဆီလျော်ရာ ထုတ်နုတ်ဟောပြောသွားသည်မှာ အချိန်ကုန်၍ကုန်မှန်းပင် မသိတော့ပါ။

"ခင်ဗျားတို့ မြန်မာစာပေရဲ့အဆီအနှစ်တွေကို လေ့လာချင်တယ်၊ ထုတ်ယူသုံးစွဲချင်တယ်ဆိုရင် ရှင်မဟာရဋ္ဌသာရရဲ့ ကိုးခန်းပျို့နဲ့ သံဝရပျို့တို့ကို သေသေချာချာ လေ့လာဆည်းပူးကြစမ်းပါလို့ ဆရာတိုက်တွန်းပြောကြားလိုပါတယ်"ဆိုသည့် ဆရာကြီးမင်းသုဝဏ်၏စကားကို ယနေ့ထက်တိုင် ကြားယောင်နေမိပါသည်။

မြန်မာစာကိုလေ့လာလိုက်စားနေသူ၊ ဆည်းပူးလေ့လာနေသူဖြစ်သော စာရေးသူအတွက် ကိုးခန်းပျို့နှင့် သံဝရပျို့တို့ကို ကိုယ်ပိုင်ဝယ်ယူကာ လေ့လာမှတ်သား ဆည်းပူးပါသည်။ မိမိမသိသော၊ မတတ်သော၊ နားမလည်သောစာများကို မိတ်ဆွေ မြန်မာစာဆရာများထံ မေးမြန်းပါသည်။ ကျောင်းသားတစ်ဦး စာမေးပွဲအောင်ရေးအတွက် ကြိုးစားသကဲ့သို့ ကြိုးစားလေ့လာပါသည်။ ဆရာကြီးမင်းသုဝဏ်၏ "စု၊ တု၊ ပြု"ဟူသော စကားသုံးလုံးကို လမ်းညွှန်အဖြစ်ခံယူပြီး ကိုယ်တိုင်ကျင့်သုံး လိုက်နာပါသည်။

"ရေငတ်တုန်း ရေတွင်းထဲကျ"ဆိုသော မြန်မာစကားပုံအတိုင်း စာရေးသူ၏အလွန်ရင်းနှီးသော စာပေမိတ်ဆွေကြီး မြန်မာစာပါမောက္ခ(ငြိမ်း) ဆရာဦးမျိုးသန့်က "သံဝရပျို့"စာတမ်းတစ်စောင်ကို လက်ဆောင်ပေးပါသည်။ အဆိုပါစာတမ်းကိုပြုစုပြီး ဖတ်ကြားသူမှာ မြန်မာစာပါမောက္ခ ဆရာမကြီး ဒေါ်အေးမြင့်ဖြစ်ပါသည်။ သုတေသနစာတမ်း၏ အမည်မှာ "ပြည်မြို့ရောက် ရှင်မဟာရဋ္ဌသာရ၏ နောက်ဆုံးလက်ရာ"ဖြစ်ပါသည်။

နောက်ဆုံးလက်ရာကား အခြားမဟုတ်။ "သံဝရပျို့"ပင်ဖြစ်ပါသည်။ "သံဝရပျို့"သည် နှယ်နှယ်ရရမဟုတ်။ ဆရာကြီး ဦးဖေမောင်တင်က မြန်မာစာသမိုင်းတွင် သံဝရပျို့ကို "ပျို့တစ်လုံးတွင် အဖိုးတန်သော စာသားများကား ဆုံးမစကားများပင်ဖြစ်သည်" ဟု မှတ်ချက်ပြုထားသည်။

သက်တော် ၆၁ နှစ်အရွယ်ဘဝသည် အတွေ့အကြုံ၊ လောကအသိအမြင်၊ တရားအယူအဆ၊ ဓမ္မအတွေးအခေါ်၊ စုံလင်ပြည့်ဝ၊ အနှစ်ကျ အနည်ထိုင်သော အသက်အရွယ်ဖြစ်သည်။ ဤအသက်အရွယ်၌ သူပြုခဲ့ဖူးသော ကျေးဇူးကို အမှတ်သတိရှိသည့် သူတော်မွန် သူတော်မြတ်လည်းဖြစ်ပြန်သဖြင့် ပျို့တစ်စောင်လုံးသည် စာလုံးလေးတစ်လုံးကိုပင် ကျော်သွားချန်ထားဝံ့စရာမရှိအောင် အကောင်းလွန်နေသည်ဟု ဆိုထားပါသည်။

လောက၊ ဓမ္မ၊ ရာဇ အရေးသုံးဖြာ၌လည်း လစ်ဟာချက်မရှိအောင် ဖွဲ့ဆိုညွှန်းပြ ဆုံးမထားသော သံဝရပျို့တွင်

(၁) အမေးသုံးတန်၊ အကြံသုံးချက်မှ လောက၊ ဓမ္မ၊ ရာဇရေးရာ
(၂) မိဘမေတ္တာသရုပ်အဖွဲ့များ
(၃) ဆိုရိုးစကားအဖြစ် ကျန်ရစ်သောအဖွဲ့များ
(၄) စာဆို၏ရည်ရွယ်ချက်ကို ထောက်ကူပို့ဆောင်ပေးသော အဖွဲ့ကောင်းများကို တင်ပြထားပါသည်။

အမေးသုံးတန်

ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးသည် သားတော်တစ်ရာကို သားတော်တစ်ပါးလျှင် ဆရာအမတ်တစ်ဦးဖြင့် အပ်နှံကြီးကြပ်ပညာသင်စေသည်။ သားတော်များ ပညာစုံသွားသောအခါ သားတော်ကြီး ၉၉ ပါးကို မြို့ရွာဒေသများပေးကာ "တိုင်းခြေစည်ပင်ပြုစေချင်"ဟု သွန်သင်မှာထား၍ အပိုင်စားရသော ကျေးလက်များသို့ စေလွှတ်သည်။

ဘုရားအလောင်းအမတ်ကြီး၏ တပည့်၊ သားအငယ်ဆုံး သံဝရမင်းသားသည် ကျေးလက်သို့ သွားသင့်၊ မသွားသင့် လျှောက်ထားမေးမြန်းသည်။ မင်းသားက-

"ကျေးပေးငြားသော်၊ မစားလေကောင်း၊ စားလေကောင်းကို ကျိုးကြောင်းသိမှု၊ မြော်တင်ရှု၍ ယခုကပင် ဆိုစေချင်"ဟု မေးမြန်းသည်။ ဆရာအမတ်ကြီးက-

"ထို့ကြောင့်ရသား၊ ထိုမင်းသားကို သီးခြားခရိုင်၊ သင်းခိုင်စားကျေး၊ ပေးလတ်မူကား၊ မယူလစ်မင်း"ဟု တပည့်ကို အတိအလင်း တားမြစ်သတိပေးပါသည်။

သံဝရမင်းသားလေးက ခမည်းတော်ကြီးအား-

"ရွာစွန်တိုင်းကျပ်၊ ဝေးရပ်မြေခေါင်၊ ညီနောင်အများ၊ ကြွင်းမဲ့သွားမူ၊ ဘဘွားရှင့်ထံ၊ လွန်ဆိတ်ညံအံ့၊ သက်နှံ့စုပုံ၊ ခြေတော်စုံကို၊ ပိုက်ခြံဘက်ယမ်း၊ ပန်းနှယ်နမ်းလျက်၊ ဝတ်နွမ်းအနည်း၊ တထည်ထည်နှင့်၊ ကပ်ဆည်းဝင်ထွက်၊ ညနံနက်လျှင်၊ ရွှေစက်နှစ်ပါး၊ ဖဝါးတော်အောက်၊ ကြာပင်ရောက်သို့၊ လက်မြှောက်ဦးတင်၊ မြဲလှချင်၏၊ ဘခင်မျက်နှာ၊ မြင်ရပါက၊ သာယာစမုံ၊ နှိုင်းတုမမြော် ကျွန်ုပ်ပျော်"

သံဝရမင်းသား၏ လိမ္မာပါးနပ်သော လျှောက်ထားမှုကြောင့် ဖခင်ဘုရင်ကြီးသည်-

"မဖွင့်ပိတ်ဖုံး၊ သူ့နှလုံးကို၊ ကျုံးဘိသောလား" ဟူ၍ ဘုရင်ကြီး နှစ်ခြိုက်သဘောတော်ကျမှုကို ဖွဲ့ပြထားသည်။

နောင်တော် ၉၉ ပါး ရပ်ဝေးသို့သွားရပြီဖြစ်၍ ခမည်းတော်ထံပါး၌ မိမိလုပ်ကျွေး ထမ်းရွက်ဝင်ထွက် ခစားခွင့်တောင်းသည်ကို ခမည်းတော်နားဝင်၍ ခွင့်ပြုလိုက်ကြောင်းကို-

"ကန်ပေါက်ရေရှင်၊ လယ်ခွက်ဝင်သို့"ဟု ဆရာတော်က ဖွင့်ဆိုထားသည်။ ဥပမာအလင်္ကာမြောက်စွာ ရေးဖွဲ့ထားသည်ကို လေ့လာမှတ်သားရသည်။

သံဝရမင်းသားက ဒုတိယအကြိမ် အကြံတောင်းသောအခါ ဆရာအမတ်ကြီးက-

"မညွတ်သသူ၊ ထိုထိုလူကို၊ ငင်ချူတတ်အား၊ အကြောင်းများတွင်၊ ဝတ်စားတန်ဆာ၊ လယ်ကျေးရွာနှင့်၊ ဥစ္စာဆင်မြင်း၊ ပေးကမ်းခြင်းလျှင်၊ အရင်းရှေ့တည်၊ ကျင့်ရိုးမည်၏"ဟူ၍ ပေးကမ်းခြင်းသည် အောင်မြင်ရာ၏ ဆိုမိန့်သည်။

သံဝရမင်းသားသည် တတိယအကြိမ် ဆရာအမတ်ကြီးထံ အကြံတောင်းပြန်သည်။ သည်တစ်ကြိမ်တွင် ဆရာအမတ်ကြီးက-

"မတန်မလောက်၊ ဝမ်းတွင်းခြောက်သော်၊ လက်အောက်ရွှေ့ကာ၊ ပြစ်ရှာမဆို၊ မင်းကိုထိပါး၊ နှုတ်ခွန်းသွားသည်၊ စကားစောင်စောင် ရစ်ရစ်တည်း"ဟူ၍ ထိုက်တန်လောက်သော ရိက္ခာလစာမရသည့် မင်းမှုထမ်းများသည် ရိက္ခာမျူး၊ ဘဏ္ဍာစိုးများ၏ အပြစ်ဟု မမြင်ဘဲ ဘုရင်မင်းမြတ်ကိုသာ အပြစ်တင်အပြစ်ဖို့လိမ့်မည်ဖြစ်ကြောင်း ဖွဲ့ပြသည်။

ဝန်ထမ်းများ၏ဘဝ လစာရိက္ခာနှင့်မလောက်မင ဘဲနေကြပုံကို မင်းသားက လေ့လာသိရှိထားရန်လိုကြောင်း ဆုံးမထားပုံမှာလည်း-

"ထမင်းကျက်ကျွေး၊ ရိက္ခာပေးကို၊ မေးမေးမြူမြူ၊ သိအောင်မူလျက်၊ မည်သူမင၊ မည်သူရဟု၊ မိဘအလား၊ သိမ်းပကား၍၊ မင်းသားကိုယ်တိုင် ကြည့်ပါလော့"ဟု ဖွဲ့ထားသည်။

သံဝရမင်းသား၏ အမေးသုံးတန်ကို ဆရာအမတ်ကြီး အကြံပေးဖြေကြားပေးသော အဖြေသုံးချက်မှာ-

(၁) မိမိနှင့်သင့်တင့်လျောက်ပတ်သောအရပ်၌ နေအပ်ကြောင်းဖြစ်သဖြင့် ဗုဒ္ဓ၏မင်္ဂလာတရားတော်နှင့် ညီညွတ်သောကြောင့် ဓမ္မရေးဖြစ်သည်။
(၂) ဒုတိယအကြံပေးချက်သည် ပေးကမ်းခြင်းဖြင့် အောင်စေရာ အောင်စေကြောင်း နည်းလမ်းပြပေးသဖြင့် လောကရေးဟု ဆိုရပါမည်။
(၃) တတိယအကြံပေးချက်သည် မင်းမှုထမ်းရိက္ခာလစာတို့အား မင်းသားကိုယ်တိုင်ကြည့်ပါလော့၊ မင်းသားကိုယ်တိုင်ဖြည့်ပါလော့တိုက်တွန်းခြင်းဖြင့် ရာဇရေးဖြစ်သည်။

သားတော်တစ်ရာရှိသော ဗြဟ္မဒတ်မင်းကြီး၏ အိမ်ရှေ့စံရွေးတော်မူပုံကိုလည်း-

"တစ်ရာသားချစ်၊ ယောကျ်ားစစ်တို့၊ အပြစ်စင်ကြယ်၊ ကြီးငယ်မဟူ၊ ထီးဖြူအမွေ၊ ဆောင်းထိုက်ပေလျက်၊ ရည်ဆွေစူးစူး၊ တစ်ဦးကိုချည်း၊ တမတ်ထည်းဖြင့်၊ ငါလည်းနှုတ်လွှတ်၊ မလျောက်ပတ်ခဲ့၊ အမတ်တကာ၊ ကြိုက်ရာရာကို၊ မင်းလျာရွေးကြကုန်လော့"

အိမ်ရှေ့စံရွေးပွဲကို မင်းအမတ်များအား ရွေးချယ်စေသည်။ သံဝရပျို့တွင် ဆိုရိုးစကားပုံအဖြစ်တွင်ကျန်ရစ်သော အဖွဲ့အနွဲ့များကိုလည်း တွေ့ရသည်။ ဥပမာ-

"တစ်ယောက်ချမ်းသာ၊ ကိုယ့်ဘို့ရှာ၍၊ သတ္တဝါအပေါင်း ဆင်းရဲကြောင်းဖြင့်"

"အငယ်တည်းက မဆုံးမသော်
မိဘတလည် ရန်သူမည်၏"

အချို့အဖွဲ့များမှာ နောက်နှောင်းစကားပုံများ၏ မြစ်ဖျားခံရာ ဖြစ်ခဲ့ခြင်းကို-

"လူများကွယ်ရာ၊ ဥစ္စာလက်ဆန့်၊ ပေးကမ်းဖြန့်မှ၊ အတော်ရ၏"ဟူသော အဖွဲ့သည် ပေးကမ်းခြင်းသည် အောင်မြင်ရာ၊ "ခြေမှုန့်ရ"ဆိုထုံးများ၏ ရှေ့ပြေးဖြစ်ကြောင်း တွေ့နိုင်သည်။

သားချင်းတောက်ဆတ်၊ မသင့်တတ်မူ၊ စုတ်ပြတ်ချုပ်လွယ်၊ ပုဆိုးနှယ်သို့"သည် "အမြန်ချုပ် အစုတ်သက်သာ"ဟူသော ဆိုထုံးနှင့်သဘောသွားတူပါသည်။

"ခပင်းလူများ၊ ညီထွေးအားလျှင်၊ မားသွားနီးရာ ကြောက်အပ်စွာ"ဟူသော အဖွဲ့တွင် "နီးရာမား ကြောက်ရ"ဆိုသော ဆိုထုံးနှင့် ထပ်တူဖြစ်နေသည်ကို တွေ့ရသည်။ ထိုကဲ့သို့ပင် အချို့အဖွဲ့များကား အကြောင်းဆိုက်လာလျှင် ပုံပမာခိုင်းနှိုင်းရန် ဆွဲထုတ်အသုံးပြုနိုင်သည်။ ဥပမာ-

"ယောကျ်ားတကာ၊ တတ်စရာကား၊ လိမ္မာမပွန်၊ အရွယ်လွန်မူ၊ ရွှေဟန်ဆင်းရောင်၊ ဟင်္သာဘောင်တွင်၊ အတောင်ဖြူကာ၊ ဗျိုင်းပမာသို့၊ ပညာရှိလယ်၊ မတင့်တယ်ခဲ့"

"စပါးဖျင်းသို့၊ အရင်းပမာ၊ အကာဖောင်းဖောင်း၊ ဗူးတောင်းအတူ၊ ပေါ့သသူလည်း၊ လူ၌မရှား"ဟူ၍ ဖွဲ့နွဲ့သုံးနှုန်းခဲ့သည်။

သံဝရပျို့သည် နှစ်ပေါင်း ၅၀၀ ကျော်သည့်တိုင် ဟောင်းနွမ်းဆွေးမြည့် တိမ်ကောပျောက်ကွယ်သွားခြင်းမရှိဘဲ လောကရေး၊ ဓမ္မရေး၊ ရာဇရေးတို့၌ ရှေ့ဆောင်လမ်းပြ အသုံးဝင်အကျိုးပြုဆဲဖြစ်သည်။

ဆရာကောင်း၏ ကောင်းမြတ်သော ဆုံးမလမ်းညွှန်ချက်များကို တစ်သဝေမတိမ်း လိုက်နာကျင့်သုံးဆောင်တတ်သော တပည့်ကောင်းဖြစ်ဖူးမှသာ ဘဝ၌ အောင်မြင်မှုအထွတ်အထိပ်သို့ ရောက်နိုင်ကြောင်းကို ရေးရေးမျှဖြစ်စေ ရိပ်စားမိလိုက်ကြစေရန် ဤဆောင်းပါးကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

**ကိုးကား**

– **ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့**

# စိတ်ကြိုးစေရာ ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၂ ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်မည်



**ရန်ကုန် ဩဂုတ် ၂၁**

စိတ်ကြိုးစေရာ ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာ ၂ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း M Entertainment Channel ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသည့် ဒါရိုက်တာအဖွဲ့မှ ဒါရိုက်တာ ဇီဇဝါက ပြောပြ၍ သိရသည်။

စိတ်ကြိုးစေရာ ရုပ်သံဇာတ်လမ်းတွဲကို မီးမီးမွေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာများအဖြစ် ဇီဇဝါ၊ ဝင့်ဥမ္မာကျော်၊ ဂျွန်၊ စိုးပိုင်၊ မျိုးချစ်မောင်တို့က စီစဉ်ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီရုပ်သံဇာတ်လမ်းတွဲကတော့ လျှို့ဝှက်သည်းဖို အချစ်ဇာတ်လမ်းတွဲလေးပါ။ အားလုံးပျော်ရွှင်နေကြတဲ့ ကျောင်းဆင်းပွဲတစ်ခုမှာ တစ်ကျောင်းလုံးရဲ့ Queen ကျောင်းသူလေးတစ်ယောက် ပဟေဠိဆန်စွာ အသက်ဆုံးရှုံးသွားတဲ့အခါ ဘာတွေဆက်ဖြစ်လာမလဲ။ ဘယ်လို သည်းထိတ်ရင်ဖို စိတ်လှုပ်ရှားစရာခံစားချက်များစွာကို ကြည့်ရှုရမလဲဆိုတာကတော့ ဇာတ်လမ်းတွဲမှာ ရှုစားပါ"ဟု ဒါရိုက်တာ ဇီဇဝါက ပြောပြသည်။

စိတ်ကြိုးစေရာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ရှိန်းတင်ထူး၊ နေရှိုင်း၊ Adam Oo၊ နော်ဖေဟအယ်ထား၊ ခင်ရတီသင်း၊ နော်အိမ့်ခြူးမိုးမြင့်၊ ရဲနိုင်ကျော်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Oppenheimer ဇာတ်ကား ကမ္ဘာတစ်ဝန်း ဝင်ငွေ ကန်ဒေါ်လာသန်း ၇၀၀ ကျော်ရှိလာခဲ့

**နယူးယောက် ဩဂုတ် ၂၁**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Oppenheimer ဇာတ်ကားသည် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ရှိလာခဲ့ပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

ဩဂုတ် ၂၀ ရက်တွင် Oppenheimer ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ ၇၁၈ သန်းထိရှိလာပြီး Intersteller ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေစုစုပေါင်းကို ကျော်လွန်သွားမည်ဖြစ်ကြောင်း၊ Intersteller(2014) ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇၁၅ သန်းထိရှိကြောင်း သိရသည်။

Oppenheimer နှင့် Intersteller ဇာတ်ကားနှစ်ကားစလုံးကို ဒါရိုက်တာ ခရစ္စတိုဖာနိုလန်တစ်ဦးတည်းက ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

Oppenheimer ဇာတ်ကားသည် အမေရိကန်ရူပဗေဒပညာရှင် ရောဘတ်ဂျေအိုပင်ဟိုင်းမား၏ဘဝကို အခြေခံရိုက်ကူးထားသောဇာတ်ကားဖြစ်ပြီး မင်းသား စီလီယံမာဖီက အိုပင်ဟိုင်းမားအဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

KKO




# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကုက္ကိုအနှစ်သားဖြင့်ထုလုပ်ထားသည့် ဟင်္သာမောင်နှံအရုပ်များ ဝင်ရောက်လာ

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသည့် ဟင်္သာမောင်နှံအရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ဟင်္သာမောင်နှံရုပ်များသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေမော်ဓောဘုရားကြီးပန်းပုတန်းမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ဟင်္သာမောင်နှံအရုပ်အရေအတွက် အစုံ ၅၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"အခု ဩဂုတ်လ တတိယပတ်မှာ ဈေးကွက်ထဲဝင်လာတဲ့ ဟင်္သာမောင်နှံအရုပ်လေးတွေဖြစ်ပါတယ်။



ပြည်တွင်းကော ပြည်ပကပါ ကြိုက်နှစ်သက်တဲ့ နှစ်ထပ်ဟင်္သာမောင်နှံဖြစ်ပါတယ်။ ရောင်းဈေးကတော့ ငွေကျပ် ၁၀၀၀၀၀ လောက်ဖြစ်ပါတယ်။ ဆေးသုတ်ပြီး လက်ရာလဲ သေသပ်တဲ့အတွက် ဈေးကွက်ထဲမှာ စိတ်ဝင်စားသူများပါတယ်"ဟု မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

လက်ရှိကာလသည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရီးသွားဇုန်သို့ တရုတ်နိုင်ငံသားများ လာရောက်လည်ပတ်လျက်ရှိသည့်အတွက် အဆိုပါ ဟင်္သာမောင်နှံအရုပ်များမှာလည်း အခြားအရုပ်များထက် ပိုမိုရောင်းချရကြောင်း သိရသည်။

အဆိုပါ အမြင့် ၁၁ လက်မ၊ အလျား ခြောက်လက်မ၊ ၃ လေးလက်မအရွယ်အစား ဟင်္သာမောင်နှံအရုပ်များမှာ တစ်ရုပ်လျှင် ငွေကျပ် ၁၀၀၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ASH

# Blue Beetle ဇာတ်ကား သီတင်းပတ်ကုန် ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာ

**နယူးယောက် ဩဂုတ် ၂၁**

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Blue Beetle စူပါဟီးရိုးဇာတ်ကား အမေရိကန်ရုပ်ရှင်ဈေးကွက်၏ ပထမသီတင်းပတ်ကုန် ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်လာကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၀ ရက်တွင် ရေးသားတင်ပြထားသည်။

ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီသည် Blue Beetle ဇာတ်ကားကို ဩဂုတ် ၁၇ ရက်တွင် အကြိုပွဲများပြသခဲ့ပြီး ဩဂုတ် ၁၈ ရက်တွင် စတင်ရုံတင်ခဲ့ရာ ၎င်းနှစ်ရက်တာကာလအတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းထိရှိခဲ့သည်။

လက်ရှိအနေအထားအရ Blue Beetle ဇာတ်ကား၏ ဝင်ငွေသည် ဩဂုတ် ၂၀ ရက်တွင် အမေရိကန်ဒေါ်လာ ၂၅ သန်းထိရှိလာနိုင်သည်။

ဝါနာဘရားသားကုမ္ပဏီသည် Blue Beetle ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ် အမေရိကန်ဒေါ်လာ ၁၀၄ သန်းထိ သုံးစွဲထားရကြောင်း သိရသည်။

Blue Beetle ဇာတ်ကားကို ဒါရိုက်တာ အိန်ဂျယ်မန်နူရယ်ဆိုတိုက ရိုက်ကူးပေးထားပြီး မင်းသား ဇိုလိုမာနီဒူအန်နာနှင့် မင်းသမီး ဘရူနာမာကွစ်ဇိုင်းတို့ ပါဝင်ထားကြောင်း သိရသည်။ KKO




# ကမ်းလက်များ ဇာတ်လမ်းတို ရန်ကုန်တိုင်းဒေသကြီးတွင် ရိုက်ကူးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၁**

ကမ်းလက်များ ရုပ်သံဇာတ်လမ်းတိုကို ကချင်တိုင်းရင်းသားသရုပ်ဆောင်များဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးလျက်ရှိကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတိုကို ပုံဖော်ရိုက်ကူးနေသည့် ဒါရိုက်တာ တူးမိုင်က ပြောပြ၍ သိရသည်။

ကမ်းလက်များ ရုပ်သံဇာတ်လမ်းတိုကို ကချင်တိုင်းရင်းသား ဒါရိုက်တာ တူးမိုင်က ရေးသားရိုက်ကူးနေခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အင်းလျားလမ်းရှိ Holy Cross တွင် ဩဂုတ် ၂၀ ရက်မှ စတင်ကာ ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

"ကမ်းလက်များဆိုတာက လူတွေရဲ့ဘဝမှာ တစ်ယောက်နဲ့တစ်ယောက် ဖြစ်တည်နေတာတွေ မတူတဲ့ စာမျက်နှာတွေ၊ မတူညီတဲ့ ဘဝမျက်နှာတွေကို ပြသထားတာပါ။ မတူညီတဲ့ဘဝစာမျက်နှာတွေကို ပညာပေးသဘောမျိုး အများကြီးဖော်ပြသွားမယ်။ အဲဒီလိုမျိုးနဲ့ နာမည်ပေးပြီး လုပ်ဖြစ်တာပါ။ ဒီဇာတ်လမ်းကို ရိုက်ခဲ့ဖူးတဲ့ ဇာတ်လမ်းအားလုံးထက် အသေးစိတ် ကြိုးစားထားပါတယ်။ ကျွန်တော် ဆိုရင်လဲ အရင်တုန်းက ရိုက်ကူးမှုတွေထက် အခုက ၉၀ ရာခိုင်နှုန်းထိကို အသေးစိတ်အားထည့်ထားတယ်။ ကျွန်တော်တင်မဟုတ်ဘူး။ ကျွန်တော့်ရဲ့ အဖွဲ့သားတွေကလဲ အသေးစိတ်ကအစ ကြိုးစားပြီး ရိုက်ကူးထားတယ်။ ကျွန်တော်တို့က မြစ်ကြီးနားကဖြစ်တော့ ရန်ကုန်မှာလဲ ရှုတင်မတည်ဖူးဘူး။ တစ်ခုပြီးတစ်ခု ကြိုးစားရင်ဆိုင်ရိုက်ကူးထားပါတယ်။ အများကြီးပြင်ဆင်ထားပါတယ်။ စက်တင်ဘာလကျရင် ဒီဇာတ်လမ်းလေးထွက်လာမှာပါ။ ထွက်လာရင်လဲ အားပေးကြပါအုံး"ဟု ဒါရိုက်တာ တူးမိုင်က ပြောပြသည် ။

အဆိုပါ ဇာတ်လမ်းတိုတွင် သရုပ်ဆောင် ဒေါ်လုံးတင်၊ ယောသပ်၊ ဂျပ် (Jap)၊ ထက်ရှိုင်းဝေ (Mister Grand Myanmar 2022)၊ ဆိုင်းဂျာမွန်း၊ ကလေးသရုပ်ဆောင် သွန်းရတီ၊ Jay နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ASH

# Border trade camps along Myanmar-China border handled more than US$1,400 million worth of trade value from 1 April to 14 August



Cargo trucks seen near a Chinese border trade camp.

**Nay Pyi Taw August 21**

Border trade camps along Myanmar-China border have managed trade value worth US$1,477.07 million from 1 April to 14 August 2023-24 financial year, said Deputy Director Daw Cho Thet Mu of Trade Policy Branch of the Trade Department under the Ministry of Commerce.

These camps tackled export of products valued at US$845.613 million and import, US$631.457 million to China along Myanmar-China border, totalling US%1,477.07 million from 1 April to 14 August in 2023-24 financial year.

"Within a five-month period from 1 April to 14 August, the camps along the border line handled trade value worth US$1,477.07 million. According to the latest statistics, export value reached US$845.613 million and the import one, US$631.457 million, with US$214.156 million of trade surplus," said the deputy director.

This financial year, these camps have tackled trade value worth some US$600 million, exceeding previous financial year.

Myanmar exports onion, chilli, rubber and marine products including agricultural produce to China crossing the Myanmar-China border and imports construction materials, electronic equipment, machinery, foodstuff and medicines.

Myanmar operates border trade camps in Muse, Lweje, Chinshwehaw, Kengtung and Kanpaiti to manage border trade measures.

ASH

# Authorities provide loans to 466 long staple cotton farmers in Mandalay Region

**Mandalay August 21**

A total of 466 farmers, who grow long staple cotton in Kyaukse, Thabeikkyin, Taungtha, Natogyi and Myingyan townships in Mandalay Region, have been given loans for farming expenses, according to the Myanmar Agricultural Development Bank Branch in Mandalay Region.

This year, the Myanmar Agricultural Development Bank branch has provided agricultural loan to farmers who grow long staple cotton in collaboration with partner departments to townships with farmers who grow long staple cotton. Since the first week of June, these loans have been lent to 466 farmers for 215 acres given at a rate of 100,000 kyats per acre, said U Soe Ko Ko Win, the regional manager of the Myanmar Agricultural Development Bank branch in Mandalay Region.

The cotton farmers grow and produce the whole season. Compared to other crops, if there is a drought due to climate change, cotton is a crop that can withstand the effects of climate change.

185



A long staple cotton farm.

# Two Myanmar artists to participate in Nakhon Sawan International Art Workshop & Exhibition 2023 in Thailand

**Yangon August 21**

Myanmar artists Chan Nyein Kyaw and Thet Mon will be attending the Nakhon Sawan International Art Workshop & Exhibition 2023 to be held in Thailand, said the former.

The event will be held from 21 to 28 August, and Myanmar has been invited to represent two artists.

"We have been invited to the International Art Workshop & Exhibition 2023 to be held in Nakhon Sawan City of Thailand. As representatives of Myanmar, I and Ko Thet Mon have to go there. The event is from 21 to 28 August. We don't need to take paintings from Myanmar. When we arrive in the city, we have to draw our own pictures during the event. They will know the ideas, creations and presentations of Myanmar. We will be strengthening our friendship and making friends in such an event. When we are at the workshop, we have to paint. We have not considered anything yet," said artist Chan Nyein Kyaw.

The event will be attended by a total of 40 painters from Thailand, China, Indonesia, Japan, Myanmar, South Korea, the Philippines, Malaysia, Vietnam, Singapore and China (Taipei).

ASH

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Magway plants over 10 m acres of sesame reaching beyond limit during the rainy season

**Magway August 21**

More than 10 million acres of sesame crops were planted in Magway Region during the rainy season of 2023 reaching beyond the limit, according to U Htay Naing, Deputy Director of the Department of Agriculture for Magway Region.

Magway, which is the oil pot of Myanmar, the oilseed crops are mainly cultivated during the rainy season.

During the rainy season of 2023, 1,020,540 acres of rain-fed sesame were planned to be cultivated in Magway Region, but 1,068,199 acres of rain-fed sesame were cultivated.

During the rainy season of 2023, authorities sell varieties of sesame seeds to farmers who produce rain-fed sesame to improve their crop yield and grow good and pure seeds, as well as provide information and education to sesame farmers on pest control methods, the systematic use of organic fertilizers and natural fertilizers, and the cultivation methods that will adapt to the changing climate, according to the department.

Pho Htet (Minbu)



A sesame plantation.

# MCEF plans to use modular houses using 80% of domestic products for staff housings


A modular house under construction.

**Yangon August 21**

The modular houses using 80 per cent of domestic materials will be constructed for low-cost housings and staff housings across the nation, said President of Myanmar Construction Entrepreneurs Federation U Shein Win.

If so, Myanmar can reduce import volume of construction materials in order to build the modular houses with the use of 80 per cent of domestic materials through collaborative efforts of the Ministry of Construction and the federation.

"We build a modular house within three days. In Japan, they can build a three-storey building within three days. These buildings have been tested some 5,000 times to endure 8.5 Richter Scale of earthquakes. So, we initiate the one or two storey modular buildings with Myanmar techniques," said the president of the federation.

At present, a modular house can cost some K15 million for a one-storey house and some K30 million for a two-storey house. ASH

# Potatoes fetch a good price of 2,800 kyats per viss in Mandalay market

**Mandalay August 21**

The locally produced potatoes have improved in sales in the Mandalay market and fetched a good price of about 2,800 kyats per viss, according to the owner of Aung Onion and Potato wholesale center, Daw May Thae Swe.

It is reported that domestically produced potatoes were trading as usual in the Mandalay market in the first week of August. At present, it is said that the price of potatoes has increased due to the good demand in the Mandalay market.

"Recently, the potatoes from Naungcho have good demand in the Mandalay market. Because potatoes are being bought in the market, it is getting scarce again and the prices are good again," she continued.

"Among the potatoes produced from Naungcho, Monywa and Heho, the sales of potatoes from Naungcho in the Mandalay market have recently improved and the price is good again. Chinese potatoes imported from China are also trading normally," she continued.

184

# Locals in Yamethin grew over 37,000 acres of rain-fed oilseed crops

**Yamethin August 21**

More than 37,000 acres of rain-fed oilseed crops have been planted in the rain-fed crop growing season in the current fiscal year, said U Aung Myo Thant, head of the agriculture department for Yamethin Township.

In the township, 43,778 acres of rain-fed oilseed crops have been planted since the last week of May, and until today, 17,079 acres of rain-fed peanuts, 14,919 acres of rain-fed sesame, and 5,067 acres of rain-fed sunflowers, totaling 37,095 acres of rain-fed crops oilseed have been planted. The remaining acres are still being cultivated.

The rain-fed oilseed crops will be fully planted in the earmarked acres of land in Yamethin Township. The department is helping people from one side to ensure self-sufficiency in cooking oil consumption. In this township, the oilseed crops that will be planted in the rainy season are 17,500 acres of rain-fed peanuts, 16,550 acres of rain-fed sesame and 9,728 acres of rain-fed sunflowers, totaling 43,778 acres of rain-fed oilseed crops.

185


A sunflower plantation.

# Earthquake shakes parts of California during storm

**California August 21**

As people across Southern California sheltered from Hurricane Hilary; another natural disaster hit - a magnitude 5.1 earthquake.

Its epicentre was northwest of Los Angeles and #hurriquake was soon trending on social media.

It did not cause major damage, and the hurricane has also since been downgraded to a post-tropical cyclone.

Los Angeles Mayor Karen Bass said over 100 fire stations were checking buildings for damage.

Ms Bass said in a tweet. that there were no initial reports of structural damage caused by the earthquake or any injuries.

Seismologist Dr Lucy Jones told NBC news it was "interesting" to have the earthquake near Ojai, and was the "first time we've had a five since 1932 in exactly this location, and even within the Ventura basin".

She warned more aftershocks were likely over the next few days.

The quake hit at the same time as post-tropical cyclone Hilary, which left many residents unsure where they should seek cover.

BBC News reporter Regan Morris said she was walking her dog when her phone's emergency alert system went off.

One of her neighbours ran out of his house in a panic saying he didn't know where to go and she could hear other people shouting inside their homes as the quake struck. BBC


Usually arid desert areas, like Palm Springs, have been inundated by rain.

# Hundreds of migrants killed by Saudi border guards - report

**Riyadh August 21**

Saudi border guards are accused of the mass killing of migrants along the Yemeni border in a new report by Human Rights Watch.

The report says hundreds of people, many of them Ethiopians who cross war-torn Yemen to reach Saudi Arabia, have been shot dead.

Migrants have told the BBC they had limbs severed by gunfire and saw bodies left on the trails.

Saudi Arabia has previously rejected allegations of systematic killings.

The Human Rights Watch (HRW) report, titled They Fired On Us Like Rain, contains graphic testimony from migrants who say they were shot at and sometimes targeted with explosive weapons by Saudi police and soldiers on Yemen's rugged northern border with Saudi Arabia.

Migrants contacted separately by the BBC have spoken of terrifying night-time crossings during which large groups of Ethiopians, including many women and children, came under fire as they attempted to cross the border in search of work in the oil-rich kingdom.

"The shooting went on and on," 21-year-old Mustafa Soufia Mohammed told the BBC.

He said some in his group of 45 migrants were killed when they came under fire as they tried to sneak across the border in July last year.

"I didn't even notice I was shot," he said, "but when I tried to get up and walk, part of my leg was not with me."

BBC

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## မော်စကိုမြို့တော်သို့ပျံသန်းလာသောဒရုန်းတစ်စင်းကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက ပစ်ချနိုင်ခဲ့



ရုရှားနိုင်ငံ မော်စကိုမြို့တော်သို့ဦးတည် ပျံသန်းလာသော ရန်သူ့ဒရုန်းတစ်စင်းကို လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက ပစ်ချနိုင်ခဲ့ကြောင်း ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် မြို့တော်ဝန် ဆာဂျီဆိုဘီယန်နင်က ပြောကြားခဲ့သည်။

"ညဘက်မှာတော့ တောင်ဘက်ပိုင်းလမ်းကြောင်းကနေ မော်စကိုမြို့တော်ကို ပျံသန်းဝင်ရောက်လာတဲ့ ဒရုန်းတစ်စင်းကြိုးပမ်းခဲ့တာ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့တွေက ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပါတယ်"ဟု ဆာဂျီဆိုဘီယန်နင်က ဒေသစံတော်ချိန် နံနက် ၄ နာရီ ၃၄ မိနစ်တွင် ၎င်း၏ Telegram ချန်နယ်၌ ရေးသားခဲ့သည်။

အဆိုပါဒရုန်းကို ကြားဖြတ်ပစ်ချနိုင်ခဲ့သည့်တည်နေရာအတိအကျကို ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ခြင်းတော့မရှိပေ။

ထို့ပြင် ရန်သူ့ဒရုန်းတစ်စင်းကို မော်စကိုဒေသ Stupinoခရိုင်၌ နံနက် ၄ နာရီခန့်တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်ဖြင့် ဖယ်ရှားရှင်းလင်းခဲ့ခြင်းဖြစ်ကာ လူသူကင်းမဲ့သော ဇရိယာတစ်ခုတွင် ပျက်ကျခဲ့ပြီး ထိခိုက်ဒဏ်ရာရမှုများမရှိကြောင်း သိရသည်။

မော်စကိုမြို့တော် အနောက်တောင်ပိုင်းနှင့် တောင်ပိုင်းတို့ရှိ နိုင်ငံတကာလေဆိပ်များဖြစ်သည့် Vnukovo နှင့် Domodedovo တို့သည် အချင်းဖြစ်ပွားချိန်တွင် ကြိုတင်ကာကွယ်မှုအဖြစ် လေယာဉ်ပျံသန်းမှုများကို ခေတ္တဆိုင်းငံ့ထားခဲ့ရသည်။

တစ်ချိန်တည်းမှာပင် မြို့တော်၏တောင်ဘက် ကီလိုမီတာ ၄၅၀ ခန့်အကွာရှိ Kursk မြို့ရှိ မီးရထားဘူတာရုံ ခေါင်မိုးပေါ်သို့ ဒရုန်းတစ်စင်း ပျက်ကျခဲ့သဖြင့် ပြတင်းပေါက်အများအပြားကွဲအက်ပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကာ အနည်းဆုံးလူငါးဦး ဒဏ်ရာရရှိခဲ့သည်။ ဩဂုတ် ၂၀ ရက် နံနက်ခင်းတစ်ချိန်တည်းတွင် ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များသည် တစ်ပြိုင်နက်တည်း ပြုလုပ်ဆောင်ရွက်ခဲ့သော ပူးပေါင်းဒရုန်းတိုက်ခိုက်မှုတစ်စိတ်တစ်ပိုင်းဟုတ်၊ မဟုတ်ကို မသိရှိရသေးပေ။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း ယူကရိန်းနိုင်ငံသည် မော်စကိုမြို့ကို ဒရုန်းများဖြင့် ပစ်မှတ်ထားတိုက်ခိုက်ရန် ကြိုးပမ်းမှုများကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့ပြီး အများစုမှာ အောင်မြင်မှုမရရှိခဲ့ကြပေ။ ရုရှားနိုင်ငံနယ်စပ်ရှိ Kursk၊ Bryansk နှင့် Belgoro ဒေသသည် မော်စကို၏ ယူကရိန်းအထူးစစ်ဆင်ရေးစတင်ခဲ့သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက အမြောက်များ၊ ဒရုန်းများဖြင့် မကြာခဏတိုက်ခိုက်ခံရလေ့ရှိသည်။

**Russian military thwarts drone attack on Moscow ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်ကြည်းတပ်က Tow တင့်ဖျက်ဒုံးကျည်များဝယ်ယူရန် Raytheon နှင့် ကန်ဒေါ်လာ ၃၂၃ သန်းတန် စာချုပ်ချုပ်ဆို

အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီသည် အမေရိကန်ကြည်းတပ်အတွက် ဒုံးပြွန်ဖြင့်ပစ်လွှတ်နိုင်သော Optical အာရုံခံခြေရာခံစနစ်၊ ကြိုးမဲ့ထိန်းကျောင်းရေးနည်းလမ်းသုံး Tube-Launched, Optically-Tracked, Wireless-Guided (TOW) 2B တင့်ဖျက်ဒုံးကျည်များ ဝယ်ယူရန်အတွက် အမေရိကန်ဒေါ်လာ ၃၂၃ သန်းတန် သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်ဟု www.thedefensepost.com သတင်းဌာနက ဩဂုတ် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဒုံးလက်နက်များကို သံချပ်ကာ၊ အခိုင်အမာဘန်ကာများ၊ ခံတပ်စခန်းများ တိုက်ခိုက်ဖျက်ဆီးရေးနှင့် ကုန်းရေနှစ်သွယ် ကမ်းတက်စစ်ဆင်ရေးများကို တိုက်ခိုက်ချေမှုန်းရေးရည်မှန်းချက်တာဝန်များ ပေးအပ်ရာတွင် တပ်ဖြန့်အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

၎င်းတို့ကို လှုပ်ရှားစစ်ကစားနိုင်စွမ်းမြင့်မားကောင်းမွန်သော ဘက်စုံသုံးဘီးတပ်ယာဉ်များ၊High-Mobility Multipurpose Wheeled၊ Stryker နှင့် Bradley ခြေလျင်တိုက်ခိုက်ရေးယာဉ်များအပါအဝင် သံချပ်ကာယာဉ်အမျိုးမျိုးတွင် တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

စာချုပ်အတွက် လုပ်ငန်းဆောင်ရွက်မှုများကို အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ဒုံးကျည်များကို ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ပေးပို့နိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီထုတ် TOW တင့်ဖျက်ဒုံးကျည်သည် ဒုံးပစ်လောင်ချာကို ဒုံးကျည်နှင့်ချိတ်ဆက်လုပ်ဆောင်နိုင်ရန် one-way ရေဒီယိုကြိမ်နှုန်းကို အသုံးပြုသည်။

အော်ပရေတာများသည် ပစ်မှတ်ကို ပိုမိုတိကျစွာ ထောက်လှမ်းခြင်းနှင့် တိုက်ခိုက်ဖျက်ဆီးနိုင်ရန်အတွက် တယ်လီစကုပ်ချိန်ခွက်ကို အသုံးပြုနိုင်သည်။ တင့်ဖျက်ဒုံးတွင် တစ်ပြိုင်နက်ပေါက်ကွဲနိုင်သော ထိပ်ဖူးနှစ်ခုပါရှိသည်။ တစ်ခုကအောက်တည့်တည့်သို့ပေါက်ကွဲပြီး နောက်ထပ်တစ်ခုက ပစ်မှတ်အား တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းကိုတိုးမြှင့်ရန်အတွက် အချိန်အနည်းငယ်ခွာ၍ ပေါက်ကွဲရန် အသုံးပြုထားခြင်းဖြစ်သည်။

တင့်ဖျက်ဒုံးကျည် 2B ဗားရှင်းတွင် အရေးကြီးဆုံး ဦးစားပေးပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးရန် Flyover Shoot Down Top Attack Mode နည်းလမ်းထည့်သွင်းပေးထားသည်။ ၎င်းတွင် လေဆာ Profilometer နှင့် သံလိုက်အာရုံခံကိရိယာပါဝင်သည့် Thales ကုမ္ပဏီထုတ် Dual-Mode ပစ်မှတ်အာရုံခံကိရိယာလည်း တပ်ဆင်ထားသည်။ TOW



တင့်ဖျက်ဒုံးကျည်သည် ကမ္ဘာတစ်ဝန်းရှိ လက်နက်ကိုင်တပ်ဖွဲ့ ၄၀ ကျော်က တပ်ဖြန့်အသုံးပြုလျက်ရှိသည့် လက်နက်လည်းဖြစ်သည်။

**Raytheon Secures $323M TOW Anti-Tank Missile Contract From US Army ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်စစ်ဘက်က Deep Orange 14 မြန်နှုန်းမြင့်စက်ရုပ်ယာဉ်ကို တီထွင်ထုတ်လုပ်



အမေရိကန်စစ်ဘက်သည် မြို့ပြကင်းထောက်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးမစ်ရှင်များအတွက် Deep Orange 14 မြန်နှုန်းမြင့်စက်ရုပ်ယာဉ်ကို တီထွင်ထုတ်လုပ်လျက်ရှိကြောင်း www.thedefensepost.com သတင်းဌာနက ဩဂုတ် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Deep Orange 14 ဟုခေါ်သော အဆိုပါစက်ရုပ်ယာဉ်ကို South Carolina အခြေစိုက် Clemson တက္ကသိုလ်နှင့် ပူးပေါင်းထုတ်လုပ်မည်ဖြစ်သည်။

တက္ကသိုလ်၏အဆိုအရ စက်ရုပ်ယာဉ်သည် စစ်ဘက်သုံးအခြားယာဉ်များ မသွားရောက်နိုင်သောနေရာများတွင် စစ်ဆင်ရေးများကိုပံ့ပိုးကူညီရန် ပထဝီမြေမျက်နှာသွင်ပြင်အနေအထားအရ စိန်ခေါ်မှုရှိသော မြေပြင်အနေအထားကို ဖြတ်သန်းမောင်းနှင်သွားလာနိုင်မည်ဖြစ်သည်။

ရည်မှန်းချက်တာဝန်ထမ်းဆောင်နိုင်ရေးအစီအစဉ်ရေးဆွဲရာတွင် အချက်အလက်စုဆောင်းရန်နှင့် စစ်ဆင်ရေးဆိုင်ရာမြေပုံများကိုUpdateလုပ်ရန် အရေးကြီးသောလုပ်ဆောင်ချက်များနှင့် အလိုအလျောက် လုပ်ဆောင်နိုင်မှုအယ်လဂိုရီသမ်များပါဝင်မည်ဖြစ်သည်။

မြန်နှုန်းမြင့်စက်ရုပ်ယာဉ်သည် လာမည့်အချိန်ကာလတစ်ခုအတွင်း တပ်ဖြန့်အသုံးပြုနိုင်ဦးမည်မဟုတ်သော်လည်း Deep Orange 14 စက်ရုပ်ယာဉ်ကို အမေရိကန်စစ်ဘက်၏ အနာဂတ်မောင်းသူမဲ့မြေပြင်ယာဉ်ပရိုဂရမ်များအတွက် စမ်းသပ်မှုများပြုလုပ်နိုင်ရန် အသုံးပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ထုတ်လုပ်သူများကပြောကြားသည်။

စက်ရုပ်ယာဉ်သစ်တွင် အသံတိတ်လုပ်ဆောင်မှုကို ရှစ်နာရီထိ ပံ့ပိုးပေးနိုင်သည့် ၅၃ ကီလိုဝပ် ဘက်ထရီပါဝင်မည်ဖြစ်သည်။ ၎င်းတွင် 3.0L V6 Onboard ဒီဇယ်ဂျင်နရေတာကိုအသုံးပြုထားပြီး မိနစ် ၃၀ အတွင်း ဘက်ထရီအားပြန်သွင်းနိုင်ကာ Deep Orange 14 စက်ရုပ်၏တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုအကွာအဝေးကို တိုးမြှင့်နိုင်စေမည်ဖြစ်သည်။ Deep Orange 14 စက်ရုပ်ယာဉ်တွင် အမြင့် ၁၈ လက်မထိ အတားအဆီးများကို ရှောင်ရှားနိုင်ရန် ကင်မရာများနှင့် ခေတ်မီအာရုံခံကိရိယာများ တပ်ဆင်ထားမည်ဖြစ်သည်။

စက်ရုပ်ယာဉ်သည် အလျား ၂၄ လက်မရှိပြီး တစ်နာရီလျှင် ၄၅ မိုင်ထိ သွားလာနိုင်သည်။ ၎င်း၏ချိန်းတပ်ယာဉ်ဒီဇိုင်းနှင့် Series-Hybrid Powertrain တွန်းအားပေးစနစ်တို့ကြောင့် ယာဉ်သည် ကင်မရာနှင့် Lidar အာရုံခံကိရိယာများ၊ အလိုအလျောက် လုပ်ဆောင်နိုင်စွမ်းအင်္ဂါရပ်များအပါအဝင် တန်ဖိုးမဖြတ်နိုင်သော ဒေတာစုဆောင်းမှုနှင့် မြို့ပြဆိုင်ရာထောက်လှမ်းမှုစွမ်းရည်များကို ပိုင်ဆိုင်ထားနိုင်ကာ အမျိုးမျိုးသော အတားအဆီးများကို ကျော်လွှားမောင်းနှင်နိုင်မည်ဖြစ်သည်ဟု စက်ရုပ်ယာဉ်နှင့်ပတ်သက်၍ တာဝန်ယူထားသည့် အင်ဂျင်နီယာချုပ် Kaivalya Khorgade က ပြောကြားခဲ့သည်။

**US Army to Develop 'Deep Orange 14' High-Speed Robotic Vehicle ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၁၆၆၁ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၁၆၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၀၅၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၆၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးရာသီ ရေဦးခရိုင်မှာ မိုးနှမ်းဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိဧက ၃၁၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ မိုးနှမ်းစိုက်ပျိုးမှုက လက်ရှိအချိန်မှာတော့ လျာထားဧကထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၂၉၉၄ ဧက၊ တန့်ဆည်မြို့နယ်တွင် ၄၉၅ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၂၈၁၇၂ ဧက စုစုပေါင်း ၃၁၆၆၁ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၉၁၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၇၄၀၊ ဒီပဲယင်းမြို့နယ်တွင် ၂၈၉၂၄ ဧက စုစုပေါင်း ၃၀၅၇၅ ဧကဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရ သိရသည်။

ယခုနှစ် ရေဦးခရိုင်တွင် မိုးနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP စနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုပ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် ရှာပုလဲကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှာပုလဲကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၃၅၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စတုတ္ထအကြိမ်အဖြစ် ဆင်ပေါင်ဝဲမြို့နယ် ရှာပုလဲကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၅၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# နမ့်ဆန်မြို့နယ် အာရမ်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**နမ့်ဆန် ဩဂုတ် ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဆန်မြို့နယ် အာရမ်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသိန်းမောင်ထွေးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်သည့် နမ့်ဆန်မြို့နယ် အာရမ်းကျေးရွာအုပ်စု အာရမ်းကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုကို လိုက်လံရှင်းလင်းပြသရာ ဒေသဦးစီးမှူးက လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

နမ့်ဆန်မြို့နယ် အာရမ်းကျေးရွာအုပ်စု အာရမ်းကျေးရွာတွင် အရှည် တစ်မိုင် နှစ်ဖာလုံ၊ လမ်းအကျယ် ၁၄ ပေ၊ အမြင့် ကိုးလက်မ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက အာရမ်းကျေးရွာမှ ထွက်ရှိသော လယ်ယာထုတ်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၁-၈-၂၀၂၃**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |

**ဓာတ်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၅၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၉၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပါမောက္ခချုပ်ဆရာတော်ကြီးနှင့် ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ(ပြင်ဦးလွင်)ဆရာတော်ကြီးတို့ကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများလျှောက်ထားကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**နေပြည်တော် ဩဂုတ် ၂၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာ ဓမ္မသဟာယသာသနစင်တာ မဟာသုဓောဓာရုံကျောင်းတိုက်ကြီးများ၏ ပဓာနနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် နိုင်ငံတော်ဩဝါဒါစရိယ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပြင်ဦးလွင်) ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏတို့ သီတင်းသုံးရာ ကျောင်းတိုက်များသို့သွားရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသက ဗုဒ္ဓဘာသာ မြန်မာနိုင်ငံတော်တွင် ပိဋကသုံးပုံ ပါဠိတော်အုပ်ရေ ၄၀ ကို ကျောက်စာချပ်များပေါ် ကျောက်ထက်အက္ခရာတင် ထိန်းသိမ်းထားခြင်း၊ ပရိယတ္တိသာသနာတော်၏ အဓိကအရင်းအမြစ်ဖြစ်သည့် ပရိယတ္တိစာပေများ သင်ကြားမှု၊ သင်ယူမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိခြင်း၊ ဓမ္မာစရိယစာမေးပွဲ၊ တိပိဋကစာမေးပွဲများ ကျင်းပပေးလျက်ရှိခြင်း ပိဋက သုံးပုံ အုပ်ရေ ၄၀၊ စာမျက်နှာ ၁၅၀၀၀ ကျော်၊ အဋ္ဌကထာ ၅၂ အုပ်၊ ဋီကာ ၂၆ အုပ်တို့ကို စဉ်ဆက်မပြတ်သင်ကြားပို့ချသည့် စာသင်တိုက်ကြီးများရှိနေခြင်းကြောင့် ပရိယတ္တိသာသနာကွယ်ပျောက်ရန် မရှိကြောင်း၊ ပိဋကတ်စာပေများနှင့်ပတ်သက်၍ လေ့လာသင်ယူရုံသာမက ဗုဒ္ဓတရားတော်များသည် Applied Method ဖြင့် လိုက်နာကျင့်သုံး အသုံးချရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံရှိ ရဟန်းသံဃာတော်များသည် အဘိဓမ္မာနှင့် ပါဠိကျွမ်းကျင်သည့်အတွက် ပြည်ပရဟန်းတော်များက လေးစားကြည်ညိုကြကြောင်း၊ ပြည်ပရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများကို မပျောက်ပျက်ရလေအောင် ပြည်ပနိုင်ငံများ၏ အစဉ်အလာဥပဒေများကို နားလည်ထားမည်ဆိုပါက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း မိန့်ကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် နိုင်ငံတော်ဩဝါဒါစရိယ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ(ပြင်ဦးလွင်)ဆရာတော်ကြီး ဘဒ္ဒန္တအာစိဏ္ဏ သီတင်းသုံးရာ ကျောင်းတိုက်သို့သွားရောက်၍ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးထံမှ ဩဝါဒခံယူခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ဝန်ကြီးဌာနများကို ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမနှင့် မွန်းလွဲပိုင်းတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတို့၌ ကျင်းပသည်။

အခမ်းအနားများသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အရာထမ်းအမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးကိုကိုလွင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ရှင်းလင်းဆွေးနွေးခြင်းနှင့်သရုပ်ပြပွဲများသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အရာထမ်းအမှုထမ်း ၁၇၂ ဦး၊ ပညာရေးဝန်ကြီးဌာနမှ အရာထမ်းအမှုထမ်း ၁၅၆ ဦး တက်ရောက်ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# စလင်းမြို့အနီး မြေငလျင်လှုပ်ခတ်




**နေပြည်တော် ဩဂုတ် ၂၁**

ယနေ့ညနေ ၅ နာရီ ၁၂ မိနစ် ၀၆ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၅၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စလင်းမြို့၏အနောက်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၅၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၈ ဒီဂရီ၊ အနက်ကီလိုမီတာ ၄၀ ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း တိုင်းထွာရရှိသည်။

**(မိုး/ဇလ)**

# နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာမြှင့်တင်ပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ယခုသင်တန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် နိုင်ငံ့ဝန်ထမ်း အကြီးအမှူးများကို ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းတက်ရောက်ပြီးစီးကြောင်း အသိအမှတ်ပြုလက်မှတ်(Certificate of Legal Advocacy-CLA) ပေးအပ်နိုင်စေရန် ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း။

သင်တန်းတွင် ဥပဒေရေးရာဝန်ကြီးဌာနက ဦးစီးဌာနများ၏အကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာနှင့် အာဆီယံဥပဒေဘာသာရပ်၊ စီးပွားရေးစာချုပ်စာတမ်းများစိစစ်ခြင်းဘာသာရပ်၊ ဥပဒေမူကြမ်းစိစစ်ရေးဆွဲခြင်းဘာသာရပ်၊ အထွေထွေဥပဒေအကြံပေးရေးဘာသာရပ်၊ ပြစ်မှုဆိုင်ရာနှင့် အထူးဥပဒေများ လက်တွေ့အသုံးချမှုဘာသာရပ်နှင့် တရားမဆိုင်ရာဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ပြီး သင်ကြားပို့ချခဲ့သည့်ဘာသာရပ်များသည် သင်တန်းသားများအတွက် လက်တွေ့အသုံးဝင်သည့်ဘာသာရပ်များဖြစ်ပါကြောင်း။

သင်တန်း တက်ရောက်ခဲ့ကြသည့် သင်တန်းသားများသည် ဤသင်တန်းမှ သင်ကြားပို့ချပေးသည့် ဥပဒေဘာသာရပ်များကို မိမိတို့၏လုပ်ငန်းခွင်တွင် လက်တွေ့ကျင့်သုံးဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာန၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်ကောင်းမွန်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်၊ သင်တန်းဆရာများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများအဖြစ် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တပ်ဖွဲ့မှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ အင်ဂျင်နီယာချုပ်များ၊ အထွေထွေမန်နေဂျာများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်

**နေပြည်တော် ဩဂုတ် ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ရည်ရွယ်၍ဖွင့်လှစ်သည့် ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆိုင်အတွင်း လှည့်လည်ကြည့်ရှုသည်။ အဆိုပါ အရောင်းဆိုင်တွင် ဝန်ထမ်းများအနေဖြင့် ဆန်၊ ဆီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ကုလားပဲခြမ်း၊ ကြက်ဥ၊ ငရုတ်၊ ဆားစသည့် အခြေခံစားသောက်ကုန်များကို ပြင်ပဈေးနှုန်းထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည့်အပြင် ရေထွက်ကုန်ပစ္စည်းများနှင့် အခြားစားသောက်ကုန်များကိုပါ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့ မွန်းလွဲပိုင်းတွင်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ အလင်းဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း PDF အဖွဲ့ဝင်တစ်ဦးကို ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကား အသီးသီးပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၊ ဟင်္သာတမြို့နယ်၊ မြောင်းမြမြို့နယ်၊ ကြံခင်းမြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့တို့မှ PDF အဖွဲ့ဝင် အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး နှစ်ဦးတို့ကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုကြသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်နိုင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၁**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက မင်းပြားတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆောင်ရွက်ထားရှိသော ဥစားကြက်၊ အသားတိုးကြက်၊ နို့စားနွား၊ DYL ဝက်၊ ဆိတ်၊ ငါးခူမွေးမြူထားရှိမှုနှင့် ရာသီသီးနှံစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး တပ်ရင်း၊တပ်ဖွဲ့များ၌ နွားများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ကို လက်ခံတွေ့ဆုံ

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် ဩဂုတ် ၃ ရက်မှစတင်တာဝန်ထမ်းဆောင်သည့် အိန္ဒိယကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep Kaushalကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့လက်ခံတွေ့ဆုံစဉ် နှစ်နိုင်ငံကြား အချက်အချာကျသည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊စီးပွားရေးကဏ္ဍ၊လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် ခရီးသွားလာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကိုပါ တစ်ဦးနှင့်တစ်ဦး ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd.မှ တင်သွင်းလာသော MG, MG4 (Mulan)အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ကိုးစီးသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မူဆယ်ခရိုင်အတွင်းရှိလမ်းများကို ကတ္တရာလမ်းသစ်ခင်းခြင်းအပါအဝင် လမ်းတံတားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မည်

**လားရှိုး ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်အတွင်းရှိလမ်းများကို ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းအပါအဝင် လမ်းတံတားလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနောင်ထံမှ သိရသည်။

မူဆယ်ခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုပြည်နယ်ငွေလုံးငွေရင်းပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေကျပ် ၂၆၄၈ ဒသမ ၃၄၉ သန်းဖြင့် ယခုနှစ်အောက်တိုဘာလအတွင်း တုန်ခန်-ကျင်စန်းကျော့လမ်းနမ့်တောင်း-မုံးပေါ်-မုံးကိုးလမ်း၊ ကြူကုတ်-မုံးကိုးလမ်း၊ မုံးကိုး-ဖောင်းဆိုင်လမ်း၊ နောင်ဟင်-မန့်ဟီးရှိုးလမ်း၊ မုံးကိုး-မုံးယား-မုံးဟောင်-မုံးစီးလမ်းနမ့်ခမ်း-မုံးဝီး-ပြင်လုံ(ရတနာမြေလမ်း)၊ နမ့်ဖတ်ကာ-နမ့်ခမ်းလမ်းတို့တွင် အရှည်ပေ ၅၀ ထိ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ကတ္တရာလမ်းသစ်ခင်းခြင်း၊ကျောက်စီရေမြောင်းပြုလုပ်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကတ္တရာလမ်းပေါက်ဖာခြင်း၊ အမာခံလမ်းပြုပြင်ခြင်း၊ မြေသားလမ်းချဲ့ခြင်း၊ မြေထိန်းနံရံပြုလုပ်ခြင်း၊ကတ္တရာပေပါခွံဖြင့် မျောတုတ်ရိုက်ခြင်း၊ Box Culvert တည်ဆောက်ခြင်း၊ တံတားပြုပြင်ခြင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဇောဦး(မောရှမ်းမြေ)**



# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး စီးပွားရေးရာဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ထွန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ရုံးအဖွဲ့ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စီမံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းငြိမ်းဝင်းကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော ဒီဂျစ်တယ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scanဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ လက်ဆင့်ကမ်းပြိုင်ပွဲ၊ အမြင့်ခုန်ပြိုင်ပွဲနှင့်လုံးပစ်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသား၊အမျိုးသမီး အသင်း ရှစ်သင်းစီဖြင့် ဩဂုတ် ၂၅ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ် ပြိုင်ပွဲ ကျင်းပစဉ်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၁**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။



မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ဩဂုတ် ၂၁ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် နှစ်ဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၉၀၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်သည်။ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ဒိုင်းဆုရရှိသည့် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဩဂုတ် ၁၄ ရက်မှ ယနေ့ထိယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက် တောင်ငူတပ်နယ် အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ငူတပ်နယ်အသင်းနှင့် ပန်းတောင်းတပ်နယ်အသင်းတို့၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်းဆုရရှိသောတောင်ငူတပ်နယ်အသင်းကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ခြောက်သင်းနှင့် အမျိုးသမီးအသင်း ခြောက်သင်းတို့ဖြင့် ဩဂုတ် ၁၄ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# Digital Museum နှင့် Pagoda Digital Directory

## အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

Digital Museum နှင့် Pagoda Digital Directory အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်(နေပြည်တော်)၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ Digital Museum အခြေခံသင်တန်း တက်ရောက်နေကြသော သင်တန်းသား၊သင်တန်းသူများတက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ပြတိုက်နှင့်စာကြည့်တိုက်များကို ခေတ်မီနည်းပညာများဖြင့် ပြည်သူလူထုကိုပြသရန်လိုအပ်ကြောင်း၊ Digital Museum ကိုအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲကလမ်းညွှန်မှာကြားထားကြောင်း၊ အလားတူပြတိုက်၊ စာကြည့်တိုက်များသာမက မြန်မာနိုင်ငံမှ အထင်ကရဘုရားများတွင် Pagoda Digital Directory ပြုလုပ်၍ အများပြည်သူသိရှိအောင် ပြသထားရှိရန်လည်း နိုင်ငံတော်အကြီးအကဲကလမ်းညွှန်မှုပြုခဲ့၍ ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ပြတိုက်၊စာကြည့်တိုက်များသာမက နိုင်ငံအတွင်း ထင်ရှားသောတန်ခိုးကြီးဘုရား ကိုးဆူကို ဦးစွာရွေးချယ်၍ ဘုရားဂေါပကအဖွဲ့များကိုဖိတ်ကြားကာ အဆိုပါဘုရားများအတွက် Pagoda Digital Directory ပြုလုပ်ရေးဦးဆောင်ဆွေးနွေးရှင်းလင်းပြသရမည်ဟု လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဆောင်ရွက်ထားသည့် Digital Museum လုပ်ငန်းများကိုပြသ၍ နမူနာထားရှင်းလင်းသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဌာနမှဆောင်ရွက်ထားသည့် Digital Museum ဆိုင်ရာ အကောင်အထည်ဖော်ထားရှိမှုများကိုရှင်းလင်းတင်ပြပြီး Digital Museum ဆောင်ရွက်ထားမှုအခြေအနေကို လက်တွေ့သရုပ်ပြရှင်းလင်းတင်ပြသည်။ ထို့နောက် အစည်းအဝေးသို့တက်ရောက်လာသူများက Pagoda Digital Directory အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စနှင့်ပတ်သက်၍ အကြံပြုတင်ပြဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

# မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ် ၂ ဒသမ ၉၅ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် နံနက် ၁၁နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် ၅၂ လမ်းနှင့် ၁၁၁ စီလမ်းထောင့်ရှိ ဇော်မိုးလွင်(ခ)လာရွတ်ဆန်ဌာ၏ နေအိမ်ကို သတင်းအရရှာဖွေရာ နေအိမ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇ ကီလို၊ ဘိန်းဖြူ ဂရမ် ၁၂၀ နှင့် တရားမဝင်သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း နှစ်တန် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲ၌ သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများပိုင်ရှင် အောင်သူ ကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၉)ရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း၊သတင်းကွင်းဆက်အရ ညနေ ၄ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက် ၇၆ လမ်းနှင့် ၂၇ အေလမ်းထောင့်ရှိ နန္ဒကို(ခ)နန္ဒ၏ နေအိမ်ကို ရှာဖွေရာ ၎င်းကို စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၆၁၂ သိန်း၊ ဘိန်းဖြူ ဂရမ် ၂၇၀ နှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ် ၂ဒသမ၉၅ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၇ ကီလို၊ ဘိန်းဖြူ ဂရမ် ၃၉၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၆၁၂ သိန်းနှင့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း နှစ်တန် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ သုံးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်းနှင့်အမှုတွင် ဆက်စပ်ပါဝင်သူများ၏ ငွေကြေးအကျိုးအမြတ်များနှင့် ပိုင်ဆိုင်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင် မရရှိမီလေဆိပ်သို့ရောက်ရှိသည့် ရက် ၆၁ ရက်ကျော်လွန်နေသည့် Parts of Gis Insulating Sheath အခု ၂၇၄၀၊ Parts of Gis Terminal For BG တစ်ခု၊ Brand New Goods Nameplates တစ်ခုအပါအဝင်ကုန်ပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၉၄၅၆၀ ကို လည်းကောင်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းအနီး ရန်ကုန်-မြဝတီပြည်ထောင်စုလမ်းမကြီး မိုင်တိုင် ၉၈ မိုင် ၄ ဖာလုံ၊သစ်ဆိမ့်ပင်လမ်းခွဲ၌ရပ်တန့်ထားသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားမပါရှိသည့် Wai Wai Instant Rice Vermicelli အထုပ် ၅၄၀၀ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Toyota Hilux တစ်စီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇၀၀၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်-မြဝတီ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် ၉၉ မိုင် ၄ ဖာလုံ၌ ရပ်တန့်ထားသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားမပါရှိသည့် Gaysorn Vegetable Cooking Oil ၄၈၆ လီတာ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၂၀၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀ ကိုလည်းကောင်း၊ ဩဂုတ် ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ နောင်ဆိုင်းကျေးရွာမှ နမ့်အွမ်ကျေးရွာရောင်ကွင်းလမ်းတစ်နေရာတွင် ပိုင်ရှင်မဲ့စုပုံထားသော အကောက်ခွန်မဲ့ ပစ္စည်းများဖြစ်သည့် Professional Nail Lamp ၁၉ ခု၊ ဒူးရင်းသီးမုန့် ကီလိုဂရမ် ၁၄၀ အပါအဝင် ကုန်ပစ္စည်း ၁၈ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၄၅၀၀၀ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၁၉၀၉၅၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ရှောင်လမ်း ကျားကလေး-ဇာသပြင်-မော်လမြိုင် ကားလမ်းပေါ်၌ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Wai Wai ကြာဆံထုပ် ၂၄၀၀၀ အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Ranger တစ်စီးနှင့် Mitsubishi Canter တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀ကို လည်းကောင်း၊မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အာရှလမ်းရှိ ဂိုဒေါင်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lactasoy ပဲနို့ ၇၆ ဖာ အပါအဝင် ကုန်ပစ္စည်းလေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၂၄၀၀ကို လည်းကောင်း၊ မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ပတ္တမြားဓာတ်ဆီဆိုင်အနီးရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပုဝှမ်း တစ်ကောင်တံဆိပ်စားဆီ ၂၄ ပုံး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၉၆၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၁၂၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကျိုင်းတုံမြို့မှ တောင်ကြီးမြို့အထွက် ကျိုင်းဖောင်းရွာအနီး၌စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Bamboo Tissue အထုပ် ၁၂၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter တစ်စီးခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းအမှုတွဲ ၂၈ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၂၁၅၆၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကယ်လီဖိုးနီးယားပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား



**ဝါရှင်တန် ဩဂုတ် ၂၁**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ဘက်ပိုင်းတွင် ဩဂုတ် ၂၀ ရက်က အားကောင်းသည့် ဟီလာရီဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟီလာရီဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ဘာဂျာကယ်လီဖိုးနီးယားကျွန်းဆွယ်မှတစ်ဆင့် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းနှင့်ပတ်သက်၍ အမေရိကန်အမျိုးသားဟာရီကိန်းစင်တာကလည်း ကြိုတင်သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ မုန်တိုင်းကြောင့် ကယ်လီဖိုးနီးယားပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး လမ်းမကြီးတချို့ကို ယနေ့မှစတင်၍ ယာယီပိတ်ထားကြောင်း ကယ်လီဖိုးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မက္ကဆီကိုနိုင်ငံမှာ တိုက်ခတ်ခဲ့တဲ့ ဟီလာရီဟာရီကိန်းမုန်တိုင်းဟာ ဩဂုတ် ၂၀ ရက်မှာ အမေရိကန်နိုင်ငံအတွင်းကို ဝင်ရောက်ခဲ့ပါတယ်။ မုန်တိုင်းဟာ ကယ်လီဖိုးနီးယားပြည်နယ်ကို ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ပါတယ်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းနေပါတယ်။ မုန်တိုင်းဟာ ဟာရီကိန်းမုန်တိုင်းအသွင်ကနေ အပူပိုင်းမုန်တိုင်းအသွင်ကို ကူးပြောင်းသွားပြီဖြစ်ပါတယ်။ မုန်တိုင်းကြောင့် လော့စ်အိန်ဂျလိစ်မှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ မိုးရေချိန်ဟာလဲ ငါးလက်မကနေ ၁၀ လက်မထိ မြင့်တက်နေပါတယ်။ မိုးရေချိန်ဆက်လက်မြင့်တက်ဖွယ်ရှိနေတဲ့အတွက် ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့ လမ်းမကြီးတချို့ကို ယာယီပိတ်ထားပါတယ်"ဟု အမေရိကန်အမျိုးသားဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# ဟာဘေးပြည်နယ်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် တရုတ်အစိုးရက ယွမ်သန်း ၅၀၀ ထပ်မံတိုးမြှင့်ပေးခဲ့

**ပေကျင်း ဩဂုတ် ၂၁**

တရုတ်နိုင်ငံမြောက်ဘက်ပိုင်းတွင် ဩဂုတ်လပထမပတ်မှစတင်၍ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်သောကြောင့် ဟာဘေးပြည်နယ်တွင် တရုတ်အစိုးရက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ယွမ်သန်း ၅၀၀ ထပ်မံတိုးမြှင့်ပေးခဲ့ကြောင်း တရုတ်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု TOE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဒေါ့ဆူရီ တိုင်ဖွန်းမုန်တိုင်းကြောင့် ဟာဘေးပြည်နယ်အပြင် တီယန်ဂျင်းပြည်နယ်၌ ပျက်စီးဆုံးရှုံးမှုပမာဏမြင့်မားခဲ့ပြီး လူနေအိမ်နှင့် အခြေခံအဆောက်အအုံများအပြင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် သစ်တောကြိုးပိုင်းအမြောက်အမြားပျက်စီးခဲ့ကြောင်း သိရသည်။

"တရုတ်နိုင်ငံမြောက်ဘက်ပိုင်းပြည်နယ်မှာ ဩဂုတ်လအတွင်း



ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှု မြင့်မားခဲ့ပါတယ်။ နေအိမ်နဲ့ အခြေခံအဆောက်အအုံ အမြောက်အမြားပျက်စီးဆုံးရှုံးခဲ့ပါတယ်။ စိုက်ပျိုးရေးကဏ္ဍနဲ့ မွေးမြူရေးကဏ္ဍတို့မှာလဲ ပျက်စီးဆုံးရှုံးမှုတွေ မြင့်မားခဲ့ပါတယ်။ အစိုးရက ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် ကနဦး ယွမ်တစ်ဘီလီယံ ခွင့်ပြုခဲ့ပါတယ်။ ဒါပေမဲ့လဲ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အရှိန်မြှင့်တင်သွားဖို့အတွက် ဩဂုတ် ၂၀ ရက်မှာ ယွမ်သန်း ၅၀၀ ထပ်မံခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ရေဘေးဒဏ်သင့်ပြည်သူတွေ အမြန်ဆုံးအိမ်ပြန်နိုင်ဖို့အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ အရှိန်မြှင့်တင်ဆောင်ရွက်နေပါတယ်"ဟု တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# အယ်ဘေးနီးယားနိုင်ငံ ကျူပါရိုနယ်မြေ တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ သံသယရှိသူလေးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်း

**တီရာနာ ဩဂုတ် ၂၁**

အယ်ဘေးနီးယားနိုင်ငံ ကျူပါရိုနယ်မြေတွင် ဩဂုတ် ၁၉ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးလောင်ကျွမ်းမှုမှာ သဘာဝအလျောက် လောင်ကျွမ်းခဲ့ခြင်း မဟုတ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ သံသယရှိသူလေးဦးကို ရဲတပ်ဖွဲ့ဝင်များက ၂၄ နာရီအတွင်း ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း ကျူပါရိုနယ်မြေ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBC သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကျူပါရိုနယ်မြေတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် စိုက်ပျိုးမြေရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးရှို့ရှင်းလင်းမှုများပြုလုပ်ခဲ့၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားကာ ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

"ဩဂုတ် ၁၉ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေ မြင့်မားခဲ့ပါတယ်။ နေအိမ်တချို့ တောမီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး သံလွင်စိုက်ခင်း တော်တော်များများ ပျက်စီးသွားခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ သဘာဝအလျောက် လောင်ကျွမ်းခဲ့ခြင်း မဟုတ်ကြောင်း မီးသတ်တပ်ဖွဲ့က အသိပေးလာတဲ့အတွက် စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေထပ်မံပြုလုပ်ပြီး တရားစွဲဆိုမှုတွေပြုလုပ်သွားမှာဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ဆုံးရှုံးနစ်နာခဲ့ရတဲ့ ပြည်သူတွေကိုလဲ အစိုးရက လိုအပ်တဲ့ ကူညီထောက်ပံ့မှုတွေပြုလုပ်ပေးနေပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားစေခဲ့တဲ့ တရားခံတွေကိုလဲ ထိရောက်စွာအရေးယူသွားဖို့ စီစဉ်နေပါတယ်"ဟု ကျူပါရိုရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ သံသယရှိသူ ၁၄ လေးဦးကို ခေါ်ယူစစ်ဆေးမှုပြုလုပ်ခဲ့ရာ ၎င်း ၁၄ ဦးအနက် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည့် အဓိက တရားခံလေးဦးကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



0w Kvu W @

# ဥပေက္ခာလွင်ပြင်

ချမ်းတောင်လတ်ငြိမ်း




(၁)

တစ်ခါတလေ ကျွန်တော်တွေးမိတယ်။ လူတွေပြောနေတဲ့ဘဝဆိုတဲ့အကြောင်းကိုပေါ့။ ကျွန်တော်သိပ်နားမလည်ပါဘူး။ သူတို့လောက်လဲ မစဉ်းစားတတ်ပါဘူး။ ကျွန်တော့်အတွက် ဘဝဆိုတာ လမ်းမပေါ်မှာပဲရှိတယ်။ တစ်ခါတစ်ခါ ငေးကြည့်နေတတ်တယ်။ ကားလှလှလေးတွေပေါ်က ပျော်စရာမိသားစုတွေ၊ တဲသာသာအိမ်ထဲက မိသားစုထမင်းဝိုင်းတွေကို အမှတ်တမဲ့ကြည့်မိတယ်။ ဒါပေမဲ့ ကြာကြာမကြည့်ဘူး။ ဘာလို့လဲဆိုရင် "ငါ့အတွက် အဖေ၊ အမေဆိုတာ မလိုဘူး။ ငါလိုတာငွေ။ ဟုတ်တယ်။ ငွေလိုတယ်"လို့ တွေးမိတယ်။

"ဟော ဟိုမှာအမှိုက်ပုံ။ သွားမွှေအုံးမှပဲ"

အတွေးတွေထောင်ပေါင်းများစွာနဲ့ အမှိုက်ပုံဆီကို ခပ်သွက်သွက်လေးသွားလိုက်တယ်။ အချို့သူတွေက ကျွန်တော့်ကို မသိသလိုဘဲနေကြတာ။ ကျွန်တော်ကိုယ်တိုင်ကလဲ သူတို့သိချင်စရာကောင်းတဲ့ လူထဲမှာ မပါဘူး။ ဘာလိုလိုနဲ့ အမှိုက်ပုံနားရောက်သွားတယ်။ အမှိုက်ပုံကို တစ်လှာချင်းလှန်ရှာတယ်။ ရောင်းလို့ရတဲ့ ပစ္စည်းမှန်သမျှ အိတ်ထဲအကုန်ထည့်တယ်။ ထည့်ရင်းထည့်ရင်းနဲ့ အိတ်တစ်ဝက်ကျော်လာတယ်။ ရှာစရာလဲ ကုန်သလောက်ဖြစ်နေပြီလေ။ ရှေ့ကို ဆက်လျှောက်သွားလိုက်တယ်။

ဟိုရှေ့မှာ ကောင်မကလေးနှစ်ယောက် အချိုရည်သောက်ပြီး လမ်းလျှောက်လာတာကိုမြင်တော့ ကျွန်တော် သိပ်ပျော်သွားတယ်။ သူတို့သောက်တဲ့ အပြာရောင်ဘူးတွေက သိပ်ဈေးကောင်းရတာလေ။ ကျွန်တော်မပျော်ဘဲ နေပါ့မလား။ သူတို့လွှင့်ပစ်တော့မှ သွားကောက်ရမယ်။ အခုလောလောဆယ်တော့ တောင်ရှာမြောက်ရှာနဲ့ လုပ်နေလိုက်တယ်။ မျက်လုံးက သူတို့ဆီကနေ တစ်ချက်မှအလွတ်ခံလို့မရဘူး။ အခွင့်အရေးဆိုတာ နှစ်ခါမရဘူး။

ကျွန်တော့်နောက်ကနေ မူကြိုကလေးနှစ်ယောက် စကားပြောပြီး လျှောက်လာတယ်။

"ဟဲ့ ငါ့မွေးနေ့လာခဲ့အုံး။ ငါ့အမေက ကြက်သားဆန်ပြုတ်တိုက်မှာတဲ့"

"လာမယ်လေ။ မိစုတို့၊ ချစ်သဲတို့ကော ခေါ်ပြီးပြီလား"

"ခေါ်ထားတယ်လေ"

ကလေးနှစ်ယောက်က ကျွန်တော့်ကိုကျော်သွားတာတောင် သူတို့စကားတွေကြားနေရတုန်း။ သူတို့လေးတွေရဲ့စကားသံမှာ ပျော်စရာတွေအပြည့်နဲ့။ ကျွန်တော့်ရဲ့ပျော်စရာဆိုတာ အမှိုက်ပုံမှာပဲရှိတယ်။ ကျွန်တော်ငယ်ငယ်က ဆိုးတယ်လို့ပြောကြတယ်။ တကယ်တော့ ဆိုးတယ်ဆိုတာ ဘာကိုပြောတာလဲ မသိဘူး။ သူတို့ကိုမြင်မှ ငယ်ဘဝအကြောင်းတွေကို ပြန်မြင်ယောင်မိတယ်။

(၂)

အဲဒီတုန်းက ကျွန်တော်က ခပ်ငယ်ငယ်ရယ်။ အသက်က ငါးနှစ်လောက်ရှိပြီ။ ဒါပေမဲ့ ကျွန်တော်က မှတ်ဉာဏ်ကောင်းတယ်။ မေ့လို့မရတဲ့ အဖြစ်အပျက်တွေဆို ဘယ်တော့မှမမေ့ဘူး။

"တော်က အဲဒီအရက်ပဲ ထိုင်သောက်နေတော့မှာလား။ အလုပ်လေးဘာလေးလုပ်ဖို့ စိတ်မကူးတော့ဘူးလား"

"ငါ့ဟာငါ အလုပ် လုပ်လုပ် မလုပ်လုပ် မင်းနဲ့မဆိုင်ဘူး။ ငါအရက်ကိုကြိုက်လို့သောက်တယ်။ အဲဒီတော့ ဘာဖြစ်ချင်လဲ"

"ဘာဖြစ်ချင်လဲ ဟုတ်လား။ ဖြစ်ချင်တာပြောရရင်တော့"ဆိုပြီး အမေက အဖေ့ကို စကားလုံးရိုင်းတွေအကုန်သုံးပြီးဆဲတယ်။ အဖေကလဲ မူးနေတာဆိုတော့ သည်းမခံနိုင်ဘူး။ နောက်တော့ စကားစစ်ထိုးရာကနေ နပန်းသတ်တဲ့အဆင့်ထိ ရောက်ကုန်တယ်။ အဖေနဲ့အမေ နပန်းလုံးရင်းနဲ့ ကျွန်တော့်ကိုပါထိခိုက်မိတော့ ကျွန်တော်က အသံပြုကြီးနဲ့ငိုတော့မှ အိမ်နီးချင်းတွေက ရောက်လာကြတယ်။

"ဟဲ့ တော်ကြပါတော့ဟယ်။ မတင်ငွေကို ဆွဲအုံးအရီးလေး။ ကျွန်တော်က ကိုဖိုးလုံးကိုဆွဲမယ်"

ဆဲသံဆိုသံငိုသံတွေနဲ့ ရန်ပွဲလာဖျန်ဖြေပေးတဲ့သူတွေရဲ့စကားသံတွေ ဆူညံနေတယ်။ ကျွန်တော်ကလဲ ငိုတုန်း။

"နင်တို့ကလေးကိုလဲ ကြည့်ကြအုံး"လို့ အရီးလေးက ဝင်ပြောမှ အမေနဲ့အဖေက ကျွန်တော့်ကိုကြည့်မိတော့ အံ့ဩကုန်တယ်။

ကျွန်တော့်ခေါင်းမှာ အရွယ်နဲ့မလိုက်တဲ့ ဒဏ်ရာက သွေးတွေရဲလို့။

"ဘယ်လိုဖြစ်သွားတာလဲ မသိ"လို့ အမေညည်းညူနေတယ်။ ကျွန်တော့်မျက်နှာမှာ သွေးတွေနဲ့မျက်ရည်တွေရောပြီး ပါးပြင်ပေါ်ကတစ်ဆင့် ကြမ်းပြင်ပေါ် တစက်စက်စီးကျလို့။ အမေနဲ့ အဖေရန်ဖြစ်စဉ်က ခြေထောက်နဲ့ကန်မိရာကနေ တိုင်နဲ့ခေါင်းတိုက်မိတာကို အမေနဲ့အဖေက မသိဘူး။ ဘယ်သိမလဲ။ ရန်ဖြစ်နေတာကိုး။ အဲဒီတုန်းက ကျွန်တော်ဖြင့် ငိုလိုက်ရတာမောလို့ပါပဲ။

အဲဒီနောက်ပိုင်း အဖေနဲ့အမေ နပန်းမလုံးတော့ဘူး။ ဆဲဆိုတိုင်းထွာကြတာပဲရှိတယ်။ တစ်ခါတစ်ခါ ပြေပြေလည်လည်စကားပြောသံတချို့ကို ကြားရတယ်။

"သူ့ကြောင့် တို့လင်မယားဒီလိုဖြစ်တာ။ မင်းပဲစဉ်းစားကြည့် အရင်အခြေအနေနဲ့ အခုအခြေအနေ ဘယ်လောက်ကွာသွားလဲဆိုတာကို"

အဖေက စိတ်ညစ်တဲ့လေသံနဲ့ ပြောနေတယ်။ အမေ့အသံကိုတော့ မကြားရဘူး။

"ကျုပ်စဉ်းစားအုံးမယ်"

အမေရဲ့ တိုးတိုးပြောတဲ့စကားသံကိုကြားခဲ့ရတာ။ ဘာကိုပြောချင်တာလဲ။ ဘာကို ဆိုလိုတာလဲ။ ကျွန်တော် တွေးခေါ်နိုင်စွမ်းမရှိဘူး။ ကလေးပဲ။

"စဉ်းစား စဉ်းစား။ ငါတော့ ဆုံးဖြတ်ပြီးပြီ။ ဗေဒင်ဆရာပြောကတည်းက ဖျက်ခဲ့ရင် ဒီလောက်ဆိုးလာစရာအကြောင်းမရှိဘူး"

"ကိုယ့်ရင်သွေးဆိုတော့လဲ သံယောဇဉ်တွယ်တာမိတာပေါ့"

"ရင်သွေးဆိုတာ ဘယ်နှယောက်မွေးမွေး မွေးလို့ရတယ်ကွ။ ဒါလေးတောင်နားမလည်ဘူးလား"

"နားလည်ပါတယ်။ သူက အခုငယ်ငယ်လေးပဲရှိသေးတာ။ ဘယ်လိုလုပ်ထားခဲ့နိုင်မလဲ"

"ဘယ်လိုနေနေထားခဲ့။ ကြာရင် တို့ပါ သူနဲ့ရောပြီး ဒုက္ခရောက်နိုင်တယ်"

အမေတို့ပြောတဲ့စကားသံတွေကို ကိတ်မုန့်လေးစားပြီး နားထောင်မိတယ်။ ဘာတွေလဲမသိဘူး။ ရင်သွေးတွေကော၊ ဒုက္ခတွေကော သံယောဇဉ်တွယ်အို. . . ရှုပ်လို့ပါပဲ။ ကျွန်တော်က ကလေးဆိုတော့ ဘာမှမစဉ်းစားဘူး။ မုန့်ပဲစားနေလိုက်တယ်။

(၃)

"သား ကိုရင်ဝတ်ချင်လား"

"မဝတ်ချင်ဘူး"လို့ ကျွန်တော်က ငြင်းတယ်။

အဖေက "သား ကိုရင်ဝတ်ရင် မုန့်တွေအများကြီးစားရမယ်။ ပြီးရင် ဟင်းကောင်းကောင်းတွေစားရမယ်။ ပြီးရင် အဖေတို့လို တဲအိမ်မှာမနေရဘူး။ ဘုန်းကြီးကျောင်းကြီးမှာနေရမှာ။ သူငယ်ချင်းတွေလဲ အများကြီးရှိတယ်"

ကျွန်တော် အဖေပြောတဲ့ စကားတွေကို သဘောကျတယ်။ ဒါကြောင့် ကိုရင်ဝတ်ဖို့ သဘောတူလိုက်တယ်။ ကျွန်တော် ကိုရင်ဝတ်ရတော့ ပျော်လိုက်တာ ပြောမပြတတ်အောင်ပါပဲ။ ဘုန်းကြီးကျောင်းဆိုတော့ ကောင်းကောင်းစားရတယ်။ အိမ်မှာဆို ငါးပိရှိရင်ဟင်းရှိတာပဲ။ ကျောင်းမှာဆို သူငယ်ချင်းတွေလဲ အများကြီးနဲ့ ပျော်စရာကောင်းတယ်။ အိမ်မှာဆို အမြဲတမ်းလိုလို မူးနေတတ်တဲ့အဖေရယ်၊ အမြဲတမ်းလိုလို ဆူပူနေတတ်တဲ့အမေရယ်၊ အမေနဲ့အဖေရန်ဖြစ်တိုင်း ငိုရတဲ့ ကျွန်တော်ရယ်ပဲရှိတာ။ ပျော်ရွှင်စရာခန်းခြောက်နေတဲ့အိမ်တစ်အိမ်မှာနေရတာ စိတ်ဆင်းရဲတယ်။

အမေနဲ့အဖေ ညားခါစက ပြေလည်ကြတယ်လို့ ပြောတာပဲ။ ကျွန်တော်မမွေးခင်အချိန်ထိပေါ့။ ကျွန်တော်မွေးပြီးမှ စီးပွားစပျက်တော့တာပဲ။ ဒါကြောင့် အရပ်က ကျွန်တော့်ကို ဂြိုဟ်သားလို့ ကင်ပွန်းတပ်ပေးလိုက်တယ်။ အမေပေးတဲ့ မိုးမြင့်လွင်ဆိုတဲ့နာမည်ကို ဘယ်သူမှမခေါ်သလို သိလဲမသိကြဘူး။

(၄)

အခုဆို အဖေနဲ့ အမေကို မတွေ့တော့တာ ၁၀ နှစ်လောက်ရှိပြီ။ ကိုရင်ဝတ်စဉ်က တစ်ရက်ခြားတစ်ခါလာကြည့်သေးတယ်။

အမေက "သားလေးပျော်ရဲ့လား"မေးပြီးမျက်ရည်တွေစီးကျနေတယ်။ ကျွန်တော်က သိပ်ပျော်တယ်လို့ပြောတော့ အမေက ကျွန်တော့်ကိုဖက်ပြီးငိုတယ်။ ကျွန်တော်က ကလေးဆိုတော့ ဘာမှမသိဘူး။ အဖေက "လာလာ မြန်မြန်သွားရအောင်"တဲ့။ အဲဒီကတည်းက အဖေနဲ့ အမေကို မတွေ့ရတော့တာ အခုချိန်ထိပါပဲ။

ကျွန်တော်လဲ အဖေ၊ အမေက မရှိဆိုတော့ ကိုရင်ကို ကြာရှည်ဝတ်ဖို့စိတ်မပါဘူး။ အဖေနဲ့ အမေ့ကို ကျွန်တော့်ရင်ထဲကစကားတွေ ပြောပြချင်တယ်။ ကျွန်တော့်ရဲ့ဒုက္ခတွေကို မြင်စေချင်တယ်။ ဒါပေမဲ့ အဖေနဲ့အမေက ကျွန်တော့်ကိုပစ်ထားခဲ့ပြီးပြီပဲ။ ကျွန်တော် ဘာတတ်နိုင်မှာလဲ။ ဒီလိုနဲ့ ဘဝမှာ လူတွေပြောပြောနေတဲ့ ပညာတွေမတတ်ဘဲ ဘဝကို ဖြစ်သလိုရုန်းကန်နေရတာ။

ဟိုရှေ့က ကောင်မကလေးတွေတောင် အချိုရည်သောက်ပြီးလို့ ဘူးခွံတွေလွှင့်ပစ်ခဲ့ပြီပဲ။ သွားကောက်အုံးမှပဲ။ ဂုန်နီအိတ်ထဲထည့်ထားတဲ့ဘူးတွေကို ကြည့်လိုက်တော့ ပိုက်ဆံ ၂၀၀၀ ကျော်ဖိုးလောက်ရနေပြီ။ ညနေလဲစောင်းနေပြီဆိုတော့ ဆိုင်ကိုသွားသွင်းအုံးမှပဲ။

"ဦးလေး ဒါကို ဘယ်လောက်ပေးမလဲ"

"၂၅၀၀ ပေးမယ် ဂြိုဟ်သား"

ဆိုင်ကပေးလိုက်တဲ့ငွေကို မုန့်လေးတစ်ခုနဲ့အချိုရည်တစ်ဘူးဝယ်တယ်။ ပြီးတော့ ဘုန်းကြီးကျောင်းက ဇရပ်ပေါ်မှာ သွားအိပ်မယ်။

ခြင်တွေကိုက်တဲ့ဇရပ်ပေါ်မှာ ပက်လက်လှန်အိပ်ရင်း အဖေနဲ့ အမေကို တိုးတိုးလေးပြောပြချင်တယ်။ အဖေတို့၊ အမေတို့ပစ်ထားခဲ့တဲ့ ဥပေက္ခာလွင်ပြင်ကြီးမှာ အမေတို့ရဲ့ဂြိုဟ်ကောင်တစ်ယောက် ဒုက္ခတွေနဲ့ တော်တော်နေသားကျနေပြီဆိုတာ။

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်း ငါးပိမျိုးစုံပိဿာချိန် ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**မော်လမြိုင်ကျွန်း ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်း ငါးပိမျိုးစုံပိဿာချိန် ၅၅၀၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မေလနှင့် ဇွန်လက ဒေသထွက် ငါးပိမျိုးစုံပိဿာချိန် ၃၃၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ငါးပိမျိုးစုံပိဿာချိန် ၅၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ဒေသထွက် ငါးပိမျိုးစုံကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားမြင့်တက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ငါးပိဟာ မြစ်ဝကျွန်းပေါ်ဒေသတွေနဲ့ ပင်လယ်ကမ်းရိုးတန်းဒေသတွေကပဲ ပေါများစွာထွက်ရှိတာဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်တဲ့ မော်လမြိုင်ကျွန်းမြို့နယ်ကထွက်ရှိတဲ့ ငါးပိမျိုးစုံ ဈေးကွက်အတွင်း ဈေးကောင်းရရှိနေပါတယ်။ ဒါ့ပြင် ဝယ်ယူမှုအားကောင်းတဲ့ထုတ်ကုန်ပစ္စည်းတစ်ခုအနေနဲ့ရပ်တည်နေပါတယ်။ အခုလို အရောင်းအဝယ်ကောင်းပြီး ဈေးကလဲကောင်းလာလို့ ငါးပိလုပ်ငန်းလုပ်တဲ့ သူတွေအားလုံး အဆင်ပြေလာတာတွေ့ရပါတယ်။ ငါးပိစားသုံးသူရှိနေသရွေ့ ငါးပိက အရောင်းအဝယ်ကောင်းတဲ့ ထုတ်ကုန်တစ်ခုအနေနဲ့ ရပ်တည်နေမှာဖြစ်ပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မာမာအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်းတင်ပို့ရောင်းချခဲ့သည့် ငါးပိမျိုးစုံသည် ငါးရံ့ငါးပိ၊ ငါးခုံးမငါးပိ၊ ဂျပန်ငါးပိ၊ ငါးပနော်ငါးပိ၊ ငါးပြေမငါးပိစသည့် ရေချိုငါးပိများဖြစ်ကြောင်း၊ အဆိုပါ ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၉၅၀၀ မှ ၂၂၀၀၀ ထိအမျိုးအစားလိုက် ဈေးအနိမ့်အမြင့်ရှိကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်မာမာအေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၂၇၅၉ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၂၇၅၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ချည်မျှင်ရှည်ဝါ ၂၁၉၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၇၅၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မြင်းမူမြို့နယ်မှာ ချည်မျှင်ရှည်ဝါဧက ၂၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက၂၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီဖြစ်ပါတယ်။ ဝါစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်ကောင်းမျိုးစေ့ရရှိဖို့အတွက် လိုအပ်တဲ့ နည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ဝါစိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးစေ့၊ ထွန်ယက်ခ၊ လုပ်အားခနှင့် ဆေးဝါးကုန်ကျစရိတ်အပါအဝင် စုစုပေါင်း ငွေကျပ် ၁၄၀၀၀၀ ကုန်ကျပြီး ဝါစိုက်ပျိုးပြီး သုံးလအကြာတွင် စတင်ကောက်ယူရကာ အကြိမ်ရေအားဖြင့်အနည်းဆုံး ငါးကြိမ်ထိ ကောက်ယူရရှိနိုင်ကြောင်း၊ ဝါထွက်ရှိမှုအနေဖြင့် ဝါတစ်ဧကလျှင် ပိဿာချိန် ၃၅၀ နှင့် ၄၀၀ ထိထွက်ရှိကြောင်း၊ ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က ဝါစိုက်ခင်းကို တွေ့ရစဉ်။

# တောင်ကြီးမြို့နယ် လွိုင်ကွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဩဂုတ် ၂၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက လွိုင်ကွန်းကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက လွိုင်ကွန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူ၊ အသင်းသားများနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၂၉၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လွိုင်ကွန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၁ ဦးကို ပထမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

## ဈေးသည်မလေး

- ကလတက်သံ အချက်ပေး
  ထရသေး ဈေးသည်၊
  သူ့ထက်ငါ ရောင်းကုန်များ
  ရပြားဖို့ကွယ်၊
  အသီးအရွက် သားငါးရယ်
  အကုန်ဝယ် ဖောက်သည်ဈေး၊
  ရိုးသားစွာ
  ကြိုးစားရှာ တောင်းကိုရွက်
  တွက်ချက်ကုန်ကြေး။

- အသံကုန် ဟစ်ကာကြွေး
  ဈေးသည်လေး လာပြီကွယ်၊
  တစ်ရွာဝင် တစ်ရွာထွက်
  ဇန်းရွက်ကာရယ်၊
  အရွက်အသား အဆင်သင့်ဝယ်
  ဈေးနှုန်းရယ် သင့်တင့်မျှ၊
  ဝယ်သူတွေ မျက်နှာပန်း
  အေးချမ်းရွှင်မြ။

- နံနက်ခါ ဈေးရောင်းမှ
  ကြွေးတောင်းရ ညနေ၊
  တစ်နေကုန် လျှောက်လှမ်း
  ဝမ်းရေးရှာဖွေ၊
  နေလုံးပျောက် အမှောင်လွှမ်းလေ
  ကြယ်ရောင်တွေ လမ်းပြပေး၊
  အပူကင်းကွာ
  လူချင်းမှာ လူပီသတဲ့
  ဈေးသည်မလေး။ ။

**ချစ်သက်(မြန်မာစာ)**

# ကြာအင်းဆိပ်ကြီးမြို့နယ် ရွှေလအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၂၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေလအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေ တိုင်းတာခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ရွှေလအင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရန် ဆွေးနွေးမှာကြားသည်။

လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရွှေလအင်းကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ ရေစင်နှင့် နှစ်လက်မ PVC ပိုက် တစ်မိုင် ၁ ဒသမ ၃၉ ဖာလုံ သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်လျာထားပြီး အဆိုပါရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရွှေလအင်းကျေးရွာရှိ အိမ်ခြေ ၁၆၃ အိမ်၊ လူ ၈၀၂ ဦးတို့အတွက် သောက်သုံးရေများ အိမ်တိုင်ရာရောက် လုံလောက်စွာ ဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုသက်**

# အင်အားအစစ်က ဘယ်မှာလဲ

သတင်းစာဆရာတစ်ဦး

**"You are what you think"**

**RAINER ZITEL MANN**

**"သင်ဟာ အခြားမဟုတ်၊ သင်စဉ်းစားတွေးတောတဲ့ သူပဲလေ။"**

**စိန်နာဇစ်တဲလ်မန်း**

(The Art of A Successful Life)

ကျွန်တော်တို့စိတ်ကူးခဲ့လို့သာ ကျွန်တော်တို့ ဒီဘဝ၊ ဒီအခြေအနေရောက်ရှိနေတာပဲဆိုတဲ့သဘော ကို "As A Man Thinketh."ဆိုတဲ့ စာအုပ်မှာ **"သင့်အတွေးအကြံအတိုင်းသာ"** စာအုပ်မှာ Man is manacled only by himself. **"လူဟာ ကိုယ့်ဘဝကို ဖန်တီးစီမံတာပဲ"**လို့ ဂျိမ်းစ်အာလန်(၁၈၆၄-၁၉၁၂) က ရေးသားခဲ့ဖူးပါတယ်။ ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးတာဆိုတဲ့ မြန်မာ့ရှေးကတည်းက ရှိထားကြတဲ့ ဆိုရိုးစကားလိုပေါ့။ ဂျိမ်းစ်အာလန်က နှစ်ဆယ်ရာစုမှာမှ ရေးသားထုတ်ဖော်တာဖြစ်ပေမယ့် ခရစ်တော်ပေါ်စလွန်ခဲ့တဲ့ နှစ်ကာလနှစ်ထောင်လောက်ကပင် ရောမဘုရင်ဧကရာဇ်မားကပ်စ်အောရေးလီးယပ်စ် အန်တိုနီးနပ်စ် (အေဒီ ၁၂၁-၁၈၀)က ရေးသားခဲ့ဖူးပြီးသားပါ။ သူဟာ ဘုရင်ဧကရာဇ်အဖြစ် ထီးနန်းစည်းစိမ် နှစ် ၂၀ လောက် နန်းစံသူဖြစ်ရုံမျှသာမက အတွေးအခေါ် ပညာရှင်အဖြစ်ပါ ထင်ရှားသူတစ်ဦးဖြစ်ပါတယ်။ မားကပ်စ်အောရေးလီးယပ်စ်က ရေးခဲ့တာက **"Our Life is What our thoughts make it"** **"ကျွန်ုပ်တို့ဘဝဆိုတာက ကျွန်ုပ်တို့တွေးတောတဲ့ မနောကံပြုလုပ်ဖန်တီးတဲ့အရာပါပဲ"**တဲ့။

မနောကံဟာ ကံသုံးပါးမှာ ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေ၊ သုစရိုက်၊ ဒုစရိုက်အကျိုးဆက် ပေါ်ထွက်စေတဲ့ အရင်းခံ ဟိတ်သဘောတွေပဲဆိုတာ ဂေါတမဗုဒ္ဓ(ဘီစီ ၅၆၃-၄၈၃)က ဟောကြားခဲ့ပြီးဖြစ်ပါတယ်။ လောကကို ကောင်းစေချင်တယ်။ လောကကြီးကို ကောင်းရာတိုးတက်မှုသို့ ပြောင်းလဲစေချင်တယ်ဆိုရင် အရင်းအမြစ်အခြေခံအကျဆုံး မဖြစ်မနေ အစဦးဆုံးလုပ်ရမှာကတော့ ထကြွသောင်းကျန်း ပရမ်းပတာလွင့်ပါးခုန်ပေါက် ဆော့ကစားတတ်တဲ့ မိမိစိတ်ကို အတတ်နိုင်ဆုံး ယဉ်ကျေးအောင်၊ သိမ်မွေ့အောင် လေ့ကျင့်ခြင်းပါပဲ။ မိမိစိတ်ကိုနိုင်မှသာ လောကကို ပြုပြင်ရေးမှာ အောင်မြင်ထိရောက်နိုင်ပါတယ်။ "ငါပြောသလိုလုပ်။ ငါလုပ်သလို (စိတ်ထင်ရာအလွဲအမှားတွေ) လိုက်မလုပ်နဲ့"လို့ ပြောရင်တော့ ဘယ်သူမှမလိုက်နာကြပါ။ ခေါင်းဆောင်မှုရရှိနေသူတွေဟာ လမ်းကိုပြသွန်ရုံမျှသာမက သူတို့ကိုယ်တိုင်လည်း ဖြောင့်ဖြောင့်တန်းတန်းရှေ့ဆုံးက ကြွလှမ်းကြပါတယ်။

လမ်းမှန်ညွှန်ပြသူ ဘုရားရတနာ၊ လမ်းမှန်အဆုံးအမအနှစ်သာရ တရားရတနာနဲ့ နှစ်ပေါင်းများစွာ ခိုင်မာပြန့်ပွား စည်ပင်ရှည်ကြာဟောကြားဖြန့်ဝေတော်မူကြပေသော သံဃာရတနာ။ ရတနာသုံးပါး ဂုဏ်ကျေးဇူးကလည်း ဒီအတိုင်းထိုင်နေလို့ သိလာတာတော့မဟုတ်ပါ။ တစ်စတစ်စရှေ့ကိုတိုးပြီး ကြိုးစားလေ့လာဆည်းပူးရပါတယ်။ သိရလေလေ ကြည်ညိုလေလေ။

ရှာရှာဖွေဖွေဆိုတဲ့စကားက ထူးခြားသလိုလို ပြဆိုပေရဲ့။ မရှာဖွေရင်တော့ မတွေ့ပါ။ မရပါ။ ဘာတွေရသလဲလို့ဆိုရင် ဘာတွေရှာနေတာလဲ၊ ဘာတွေကို ယူဆောင်နေသလဲဆိုတဲ့အချက်နဲ့ဆက်စပ်ပေမှာပေါ့။

ကျွန်တော်က မိုးကုတ်မြို့ကို နှစ်ခေါက်လောက် ရောက်ဖူးခဲ့ပါတယ်။ ကြာကြာတော့ မနေခဲ့ဖူးပါဘူး။ နေချင်းပြန်ရယ်၊ တစ်ညအိပ်ရယ်။ လူကြီးခရီးစဉ်နဲ့ ပါဝင်ခဲ့ရတာဆိုတော့ အထက်အကြီးအကဲများ သွားလေရာကိုသာ ကြက်မကြီးနောက် ကြက်ပေါက်စလေးတွေ လိုက်ကြသလို နောက်ကတကောက်ကောက် လိုက်ပါရတာလေ။ ရဟတ်ယာဉ်နဲ့သွား၊ ရဟတ်ယာဉ်နဲ့ ပြန်ခဲ့ရတာဆိုတော့ ကားလမ်းအခြေအနေလည်း မမြင်မတွေ့ခဲ့ရပါဘူး။ ကျောက်ရောင်းဝယ်တဲ့နေရာတွေလည်း ဖြတ်သွားရုံလောက်ပါပဲ။ မရောက်ခဲ့ရပါဘူး။ ဘာဝယ်ချင်တာများရှိလို့တုန်း။ ကျောက်ဝယ်ဖို့ စိတ်ကူးမရှိပါဘူး။

ကျောက်တန်ဖိုးလည်း မသိပါ။

ကျောက်သံပတ္တမြား အဖိုးထိုက်ရတနာပိုင်ဆိုင် ရယူလိုခြင်းလည်း ဘယ်တုန်းကမှ မရှိခဲ့။ ဒါတော့ အခါအခွင့် အခြေအနေလည်း မပေးလို့နေမှာပါ။ ဒါလည်း အမှန်ပါပဲ။ လူကြီးခရီးစဉ်မှာ ကိုယ်ရေးကိုယ်တာဆန္ဒရှိရင်တောင် ကျောက်ဝယ်ရမယ့် အလုပ်မှ မဟုတ်တာ။ မူလကပင် မမက်မောတာအပြင် တာဝန်အရ ကိုယ့်အလုပ်မဟုတ်တာမို့ ဘာမှမကြည့်။ စိတ်ထဲမှာမရှိ။ ပတ္တမြားဆိုတာ ဘယ်လိုနီတာလဲ တောင်မသိ။

ကချင်ပြည်နယ် မြစ်ကြီးနားမှတစ်ဆင့် ဖားကန့်မြို့ကို လေးခေါက်လောက်ရောက်ဖူးပါတယ်။ နှစ်ခေါက်က လူကြီးခရီးစဉ်ရဟတ်ယာဉ်နဲ့ပါ။ လုပ်ငန်းတွေလိုက်လံစစ်ဆေးတာရယ်။ လုံခြုံရေးဆိုင်ရာကိစ္စတွေရယ်။ ဖားကန့်မြို့ကို ရောက်ဖူးပေမယ့် ကျောက်စိမ်းတုံးလည်း မမြင်ခဲ့ဘူး။ ကျောက်စိမ်းလက်ဝတ်လက်စားလည်း မကြည့်ခဲ့မိဘူး။ ကမ္ဘာပေါ်မှာ အကောင်းဆုံးကျောက်စိမ်းထွက်တဲ့မြို့ကို ရောက်ခဲ့ပေမယ့် ကျောက်ကောင်းမသိတဲ့ လူနုံလူအ မိမိမှာ လောဘမရှိလို့ အေးချမ်းပြီးသား ကျောက်စိမ်းမလိုပါ။ မြမလိုပါ။

**❖ လောကကို ကောင်းစေချင်တယ်။ လောကကြီးကို ကောင်းရာတိုးတက်မှုသို့ ပြောင်းလဲစေချင်တယ်ဆိုရင် အရင်းအမြစ်အခြေခံအကျဆုံး မဖြစ်မနေအစဦးဆုံးလုပ်ရမှာကတော့ ထကြွသောင်းကျန်း ပရမ်းပတာ လွင့်ပါးခုန်ပေါက်ဆော့ကစားတတ်တဲ့ မိမိစိတ်ကို အတတ်နိုင်ဆုံး ယဉ်ကျေးအောင်၊ သိမ်မွေ့အောင် လေ့ကျင့်ခြင်းပါပဲ။ မိမိစိတ်ကိုနိုင်မှသာ လောကကို ပြုပြင်ရေးမှာ အောင်မြင်ထိရောက်နိုင်ပါတယ်။ "ငါပြောသလို လုပ်။ ငါလုပ်သလို (စိတ်ထင်ရာအလွဲအမှားတွေ) လိုက်မလုပ်နဲ့"လို့ ပြောရင်တော့ ဘယ်သူမှမလိုက်နာကြပါ။ ❖**

စာရေးဆရာအနေနဲ့ နှစ်ကြိမ် နှစ်ခေါက် ဖားကန့် ကျောက်စိမ်းထွက်တဲ့မြို့ကို စာပေဟောပြောပွဲ အတွက် ရောက်ခဲ့ရပါသေးတယ်။ ပထမအကြိမ်တုန်းက ဆရာကြီး မောင်မြင့်ကြွယ်နဲ့ ဆရာကာတွန်းငွေကြည်တို့ပါတယ်။ နောက်တစ်ခေါက်က ဆရာကောင်းသန့်နဲ့ မိမိ။ နှစ်ယောက်တွဲဆယ်ပွဲကျော်ကျော်ဟောခဲ့ရပါတယ်။ ရပ်ကွက်တွေ၊ စာသင်ကျောင်းတွေ။

စာပေချစ်မြတ်နိုးသူ မိတ်ဆွေစာဖတ်ပရိသတ်တချို့က သူတို့လက်ဝယ်ရှိသမျှ ကျောက်စိမ်း၊ ကျောက်ပွင့်လေးတွေ၊ လက်ဝတ်ရတနာလေးတွေ လက်ဆောင်ပေးလို့ရခဲ့ဖူးပါတယ်။ ကျွန်တော်လက်ခံယူခဲ့ပါတယ်။ အိမ်ပြန်ရောက်တော့ ယူချင်တဲ့လူယူပါ၊ ပေးပစ်လိုက်တာပါပဲ။ ကြွားတာတော့ မဟုတ်ဘူးနော်။ မိမိနဲ့ အတူတကွ ကျောက်စိမ်းမြေဖားကန့်မြို့ကို ခက်ခက်ခဲခဲ၊ ပင်ပင်ပန်းပန်းသွားရောက်ခဲ့ကြတဲ့ ဆရာကြီး မောင်မြင့်ကြွယ်၊ ဆရာကာတွန်းငွေကြည်နဲ့ ဆရာကောင်းသန့်တို့လည်း မိမိလိုပါပဲ။ ကျောက်မျက်ရတနာ အဖိုးတန်ဆိုပြီး မက်မက်မောမော ဘယ်သူမှမရှိခဲ့ကြပါ။ စာရေးဆရာဆိုတာ ဆင်းရဲကြတာလည်း မပြောနဲ့။ အဖိုးတန်ရတနာကို တန်ဖိုးမသိကြဘဲကိုး။

ဝေဘူတောင်မှာ မြကျောက်များ ဒီလောက်ပေါ များတာကို ရောက်ခဲ့ပါရက်နဲ့ တစ်စေ့မှ မကောက်မယူခဲ့တဲ့ လူအ၊ လူမိုက်၊ လူစားမျိုးလည်း ရှိတတ်တယ်တဲ့။ လူကြီးသူမများက ပြောလေ့ပြောထရှိခဲ့တယ်မဟုတ်လား။ ကျောက်ကောင်းတန်ဖိုးမရွေးတတ်ရင် လူညံ့သဘော။ မိမိကို ဒီလိုတော့ ဘယ်သူကမှ မပြောပါ။

ဘယ်သူကမှ အပြစ်မတင်ကြသလို၊ ဘယ်သူကမှလည်း မချီးကျူးပါ။ ငွေကြေးအကျိုးအမြတ်ကော၊ အဖိုးထိုက်ရတနာကျောက်မျက်ဆိုတာမျိုးကိုကော၊ မမက်မောတတ်တဲ့ စာရေးဆရာဆိုသူ လူစားအဖို့ရာ မချမ်းသာတာဟာ ဘာမှမဆန်းပါ။ မရှာရင် ဘယ်ရမလဲ။

မိမိဘဝတစ်ခုလုံး တစ်သက်တာရှာဖွေနေတာက အသိပညာမဟုတ်လား။ ဘဝတက္ကသိုလ်မှာ သင်ယူလို့ပဲ မဆုံးနိုင်။ ကားမပိုင်၊ တိုက်မပိုင်၊ တက္ကသိုလ်က ပါမောက္ခ၊ ကထိက၊ ပညာရည်မြင့်မားကြတဲ့ ပုဂ္ဂိုလ်များရဲ့ဘဝကို စာနာနားလည်နိုင်ပါတယ်။ ပညာကိုသာ ဆက်လက်သင်ယူလေ့လာနေတော့ ဘာသိရသလဲ။ ယခင်က မသိခဲ့ဖူးသေးတာတွေ သိမြင်လာတယ်။ သဘောပေါက်လာရတယ်။ ဒါပါပဲ။ များလှပြီလား။ မေးလာခဲ့ရင်သေးသေးမွှားမွှားပမာဏလေးပါပဲ။ မိမိတော့ ဖြေရမှာပါပဲ အမှန်အတိုင်း။

**"ငါသိတာ တစ်ခုပဲရှိတယ်။ အဲဒါဘာလဲဆိုတော့ ငါဘာမှမသိသေးဘူးဆိုတဲ့အချက်ပါပဲ"** လို့ ဂရိတွေးခေါ်ပညာရှင်ကြီး ပလေတိုက လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ လောက်က ပြောခဲ့တယ်ဆိုပဲ။

မသိသေးတာတွေ အနန္တ မရေမတွက်နိုင်အောင် များပြားလှပါတယ်။ စာရေးသူလည်း ရှာဖွေလေလေ၊ တွေ့ရှိလေလေပေါ့။ ဘဝတစ်သက်တာက တိုတိုလေးမို့ မရေမတွက်နိုင်လောက်အောင် များပြားလှတဲ့ သိနိုင်စရာအချက်၊ သိသင့်သိထိုက်တာကို မလေ့လာတော့ဘဲ နေပါစေတော့လို့ ပစ်ပယ်မထားနိုင်ပါ။ ၂၀ ရာစုမှာမှ ဖွံ့ဖြိုးတိုးတက်လာတဲ့စိတ်ပညာဟာ ဆက်လက်ကျယ်ပြန့်ဆဲပါ။ သုတေသနတွေ့ရှိချက်တွေ ဆက်ပြီးထွက်ပေါ်ရင်း စစ်ရေးစစ်ရာ၊ အုပ်ချုပ်ရေးရာ၊ ကုသရေး၊ ပညာရေး၊ နယ်ပယ်တွေမှာ ပိုပြီး ထိထိရောက်ရောက် စိတ်ပညာရဲ့ အခန်းကဏ္ဍကို အသုံးချနေကြရပါတယ်။ စိတ်ပညာဆရာရဲ့ သဘောပြောရင် ဒဿနိကဗေဒဘာသာရပ်ကလည်း ကာလရှည်လျားခဲ့တာနဲ့အမျှ ခေတ်မီနည်းပညာတွေအရ ရှာဖွေရ၊ စူးစမ်းရတာ လွယ်ကူတော့ သမိုင်း၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနဘာသာရပ်များနဲ့အတူ လေ့လာချင်စရာတွေအများကြီး ပိုမိုတွေ့လာရပါတယ်။ တိုတောင်းလှတဲ့ အသက်ရှင်စဉ်ကာလလေးကို ပိုမိုအကျိုးရှိအောင် ကြိုးစားမယ်။ လူအိုပေမယ့် စိတ်မအိုစေရ။

ကိုယ့်ဘဝဘာမှခံစားခွင့်မရှိနိုင်တော့တဲ့ အနာဂတ်ကာလ လူ့အဖွဲ့အစည်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် ကိုယ်ဟာ ဘာများထိထိရောက်ရောက်အကျိုးဆောင်ပေးနိုင်ဦးမလဲ။ အနာဂတ်လူသားတွေသာ သာယာအေးချမ်းနိုင်ပါစေ၊ ဖွံ့ဖြိုးတိုးတက်ပါစေ၊ ပျော်ရွှင်ချမ်းမြေ့ကြပါစေ။ စေတနာကို အမြင့်ဆုံးထားပါတယ်။

မိမိရှေ့က ပုဂ္ဂိုလ်များစွာရဲ့ ဉာဏ်ပညာနဲ့ တီထွင်ဖန်တီးချက်များစွာတို့ကြောင့် ကားတွေ၊ ရထားတွေ၊ လေယာဉ်အမျိုးမျိုးတွေ၊ သင်္ဘောကြီးတွေ၊ ရေငုပ်သင်္ဘောတွေ၊ ကျည်ဆန်ရထားတွေ စသဖြင့် (လက်နက်ဆန်းတွေ၊ ဗုံးအပါအဝင်ပေါ့လေ။ ကောင်းတာကော၊ ဆိုးတာကော) ဆန်းသစ်ပြောင်းလဲမှုများကတော့ အဆက်မပြတ်ရှိနေကြရဦးမှာပဲ။

မြန်မာတွေဟာ ရုပ်ဝတ္ထုပစ္စည်းပြည့်စုံကြွယ်ဝရုံမျှသာမက စိတ်စေတသိက်ပိုင်းဆိုင်ရာ ဖြူစင်သန့်ရှင်းမွန်မြတ်တဲ့ အလေ့အထ၊ အလေ့အကျင့်များလည်း ထွန်းကားပြန့်ပွားဖို့ရာ လိုအပ်နေပေတာပဲ။

လူတစ်ယောက်ရဲ့ တန်ဖိုးဟာ သူ ဘယ်လောက် ရုပ်ရည်ချောကာယ ချောမောလှပသလဲဆိုတဲ့အချက်လည်း မသတ်မှတ်ဘူး။ သူ ဘယ်လောက်အောင်မြင်ထင်ရှားသလဲဆိုတဲ့အချက်နဲ့လည်း မတိုင်းတာဘူး။ သူဟာ ချမ်းသာချမ်းသာ၊ ဆင်းရဲဆင်းရဲ၊ ဘယ်ဘာသာ၊ ဘယ်လူမျိုးပဲဖြစ်ဖြစ်၊ လူသိနည်းခဲ့သူပဲဖြစ်ဖြစ်၊ လူသိများသူပဲဖြစ်ဖြစ် သူဟာ လူသားတွေရဲ့ကောင်းကျိုးကို ဘယ်လောက်အကျိုးကြီးမားအောင် မွန်မြတ်တဲ့စိတ်ထားနဲ့ စွမ်းအားကြီးမားစွာ ရွက်ဆောင်သယ်ပိုးခဲ့သလဲ။ ဒီလိုအချက်မျိုးနဲ့သာ တန်ဖိုးတိုင်းတာ အကဲဖြတ်ကြတာပဲ။

သူဘယ်လောက်စွန့်လွှတ်အနစ်နာခံခဲ့သလဲ။

ဘယ်လောက်ကြီးမားထိရောက်အောင် ကောင်းကျိုးဆောင်နိုင်ခဲ့သလဲ။ ဒါမျိုးကို ဂုဏ်ပြုလေးစားကြတာ၊ ရိုသေလေးမြတ်ကြတာမဟုတ်လား။

ဒါမျိုးတန်ဖိုးတွေဟာ ဉာဏ်ပညာရင့်သန်ဖွံ့ဖြိုးကြလေလေ တန်ဖိုးအစစ်အမှန်သဘောကို နားလည်ကြလေလေဖြစ်နေမှာပါ။ ဂုဏ်ပြုခံရချင်လို့၊ လုပ်ဆောင်ကြဖို့ ပြောလိုရင်းမဟုတ်ပါဘူး။ အများအတွက်၊ လူသားတွေအတွက်၊ အနာဂတ်မျိုးဆက်သစ် နောင်လာနောက်သားတွေရဲ့ ကောင်းကျိုးအတွက် ကောင်းကျိုးအမှန်တကယ် ပေါ်ထွန်းအောင် စိတ်ကောင်းစေတနာမျိုးကို မွေးကြဖို့၊ ပြန့်ပွားအောင် နှိုးဆော်ကြဖို့ကတော့ မိမိတို့ ပခုံးပေါ်မှာ ဝတ္တရားရှိနေကြပါတယ်။ ဟုတ်တယ်နော်။ စာရေးသူအရိပ်အမြွက်မျှသာ ဖော်ပြလိုတဲ့အချက်တစ်ခုပြောပြီး နိဂုံးချုပ်ပါရစေ။

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးရဲ့ မျက်နှာမူရာ ရှေ့တူရူတောင် အရပ်တည့်တည့်မှာ စကျင်ကျောက်ပြားကြီးများနဲ့ ပိဋကသုံးပုံကို ပါဠိဘာသာ၊ ရှမ်းဘာသာတို့နဲ့ တိတိကျကျ၊ ပြည့်ပြည့်စုံစုံ ရေးထိုးထားတယ်။ လူသားအားလုံး အေးချမ်းသာယာရေး လမ်းညွှန်ဟောကြားတော်မူတဲ့ ဓမ္မသရဏံဂစ္ဆာမိ၊ တရားတော်များပေါ့။ ဘာတွေပါသလဲ။ ပိဋကသုံးပုံ အကုန်ပါတယ်။ သုံးပုံကဘာလဲဆိုရင် သိကြသူတွေများပေမယ်။ **သုတ္တံပိဋကတ်၊ ဝိနည်းပိဋကတ်၊ အဘိဓမ္မာပိဋကတ်ပဲ။**

ပိဋကသုံးပုံက ဘာတွေကွဲပြားခြားနားကြပါသလဲ။ ဒီမေးခွန်းကို ဖြေရမယ်ဆိုရင် ဇယား (Table) နဲ့ ဖော်ပြရင် ပိုရှင်းမယ်။ သို့သော် စာဖတ်သူများ ကိုယ်တိုင် သံဃာတော်များထံမှာဖြစ်စေ၊ စာပေကျမ်းဂန်မှာဖြစ်စေ ရှာဖွေလေ့လာကြပါလေ။ **ပိဋကသုံးပုံရဲ့ ကွဲပြားပုံငါးချက်ရှိပါတယ်။** ဆက်ပြီးသိရှိအောင် မေးမြန်းစူးစမ်းကြပါနော်။ သဘောပေါက်လေ ကုသိုလ်ရလေ-

(၁) ဒေသနာသဘော

(၂) သာသနာသဘော

(၃) ကထာသဘော

(၄) သိက္ခာသဘော

(၅) ပဟာန်သဘောတို့မှာ မတူကြပါ။ သိမြင်သဘောပါမှ ကိုယ်ပိုင်ဥစ္စာဖြစ်ပေမှာပေါ့။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်းသားများ၏ မိုးစပါး ၁၂၃၉၃၇ ဒသမ ၈၇ ဧက စိုက်ပျိုးပြီးစီး



**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သမဝါယမအသင်းသားများ၏ မိုးစပါး ၁၂၃၉၃၇ ဒသမ ၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မိုးစပါးများကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးလျက်ရှိရာ အဆိုပါမိုးစပါးများကို ပြည်နယ်နှင့် တိုင်းဒေသကြီးတစ်ခုလျှင် မိုးစပါးဧက ၁၀၀၀၀ စီ စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြို့နယ်ပေါင်း ၁၈၂ မြို့နယ်တွင် အသင်းသား ၂၉၁၈၁ ဦး ပါဝင်သည့် သမဝါယမအသင်း ၁၀၉၀ ဖွဲ့စည်းကာ မိုးစပါးဧက ၁၃၆၈၇၇ ဒသမ ၈၅ ဧကထိ စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ဩဂုတ် ၁၉ ရက်ထိ ၁၂၃၉၃၇ ဒသမ ၈၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် မိုးစပါး ၁၂၉၃၉ ဒသမ ၉၈ ဧကကို ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါ မိုးစပါးစိုက်ဧကများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ဧက ၈၁၈၇၉ ဒသမ ၅ ဧကအတွက် ပံ့ပိုးငွေကျပ် ၁၆၃၇၅ ဒသမ ၉ သန်း၊ တိုင်းဒေသကြီး၊ ပြည်နယ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ၂၂၄၃၄ ဒသမ ၇၇ ဧကအတွက် ပံ့ပိုးငွေကျပ် ၄၄၂၃ ဒသမ ၃ သန်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ရန်ပုံငွေမှ ၂၀၄၉ ဧကအတွက် ပံ့ပိုးငွေကျပ် ၄၂၉ ဒသမ ၈ သန်းနှင့် အသင်းပိုင်ငွေမှ ၃၀၄၁၄ ဒသမ ၅၈ ဧကအတွက် ပံ့ပိုးငွေကျပ် ၅၂၁၇ ဒသမ ၆၇၉ သန်း စုစုပေါင်းငွေကျပ် ၂၆၄၄၆ ဒသမ ၆၇၉ သန်းဖြင့် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# သပိတ်ကျင်းမြို့နယ် မြိုင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သပိတ်ကျင်း ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြိုင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြိုင်သာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိမရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

သပိတ်ကျင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး မြိုင်သာယာကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

အေးသူ

# မိုးညိုမြို့နယ် ကံကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကံကလေးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သန်းသန်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်း အကြောင်းအရာများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကံကလေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၂ ဦးကို တတိယအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန္တာ

# ဖျာပုံမြို့နယ်တွင် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀ ထိ ဈေးကောင်းရရှိလာ

**ဖျာပုံ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း ဖျာပုံမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လက ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀ ထိသာ ဈေးရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ဆန်ကွဲများ ဈေးကောင်းရရှိလာခြင်းသည် ဒေသထွက် ဆန်၊ စပါး၊ ဆန်ကွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်မြို့သို့ တင်ပို့အားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဆန်ကွဲတွေကို ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဩဂုတ်လအတွင်း ဆန်ကွဲ ဝယ်ယူမှုအား ကောင်းလာပါတယ်။ ဆန်ကွဲတွေကို တစ်နိုင်တစ်ပိုင် တင်ပို့ရောင်းချတဲ့သူတွေရှိသလို ပွဲရုံပိုင်ရှင်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ အခု ဆန်ကွဲတွေကို ကုန်တင်ကား တေ-ွနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်။ အခက်အခဲမရှိ အဆင်ပြေပြေတင်ပို့ရောင်းချနေရလို့ အဆင်ပြေပါတယ်။ ဆန်ကွဲအိတ်တွေကို ဩဂုတ်လ ပထမပတ်လောက်ကနေစတင်ပြီး ဝယ်ယူမှုအားကောင်းလာတာပါ"ဟု ဖျာပုံမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။



ဖျာပုံမြို့နယ်တွင် ဆန်ကွဲများ တင်ပို့ရောင်းချမှုအားကောင်းလာလာခြင်း၊ ဈေးကောင်းရရှိလာခြင်းကြောင့် ဆန်၊ စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# နတ်မောက်မြို့နယ်၌ ဝါးရုံကုန်း-ကျောက်ပုံကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းနေမှု စစ်ဆေး

**နတ်မောက် ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဝါးရုံကုန်း-ကျောက်ပုံကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းမောင်နှင့် စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာများက လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဝါးရုံကုန်း-ကျောက်ပုံကျေးရွာချင်းဆက် ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝါးရုံကုန်း-ကျောက်ပုံ ကျေးရွာချင်းဆက်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၈၈၂ သန်းဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ယခုနှစ် ဇွန်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာချင်းလမ်းဖောက်လုပ်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၃၁၈ အိမ်မှ လူ ၁၅၅၇ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းမောင်က ပြောပြ၍ သိရသည်။

သူသူ

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# တရားမဝင်ငါးဖမ်းမှုတိုက်ဖျက်ရေး ကြိုးပမ်းနေသောအာဆီယံ

(၄၂) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) ထိပ်သီးဆွေးနွေးပွဲကို ယခုနှစ်မေလအတွင်းက အင်ဒိုနီးရှားနိုင်ငံ လဘူအန်ဘာဂျိုမြို့၌ "ဖွံ့ဖြိုးတိုးတက်မှုသည် အာဆီယံ၏ဗဟိုချက်ဖြစ်သည်"ဆိုသောခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။ သို့သော် ထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်သည် ပကတိအခြေအနေနှင့် ကင်းကွာလျက်ရှိသည်။ အရှေ့တောင်အာရှဒေသတွင် မဖြေရှင်းရသေးသောပြဿနာများစွာ ရှိနေဆဲပင်ဖြစ်သည်။

ထို့ကြောင့် ဒေသတွင်း အဆင့်မြင့်အရာရှိများအစည်းအဝေးသည် ရွှေ့ပြောင်းလုပ်သားများကာကွယ်စောင့်ရှောက်ရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုကာကွယ်စောင့်ရှောက်ရေးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား တရားမဝင်ငါးဖမ်းယူမှုများ မြင့်တက်လာမှုတို့ကို ဖြေရှင်းနိုင်ရေးအတွက် သဘောတူညီမှုများ ရရှိခဲ့သည်။

မေ ၈ ရက်တွင် ဘာလီမြို့၌ ပြုလုပ်ခဲ့သော ဆိပ်ကမ်းများစီမံခန့်ခွဲရေးဆိုင်ရာ လေးကြိမ်မြောက်စာနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့သဘောတူညီချက်များဆိုင်ရာ အစည်းအဝေးကာလအတွင်း ကိုယ်စားလှယ်များသည် တရားမဝင်သော၊ သတင်းပို့ခြင်းမရှိသော၊ စည်းမျဉ်းစည်းကမ်းမလိုက်နာသော (IUU) ငါးဖမ်းမှုများ ကိုင်တွယ်ဖြေရှင်းရေးလုပ်ငန်း၏ အရေးပါမှုကို မီးမောင်းထိုးပြသခဲ့သည်။ IUU ငါးဖမ်းခြင်းလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာစိုးရိမ်ပူပန်မှုဖြစ်ကြောင်းနှင့် အဏ္ဏဝါအရင်းအမြစ်များ၊ ဂေဟစနစ်များထိန်းသိမ်းထားနိုင်ရေး၊ စဉ်ဆက်မပြတ်တည်ရှိရေးတို့အတွက် ခြိမ်းခြောက်မှုဖြစ်ကြောင်းနှင့် ပြည်သူသန်း ၆၀၀ ကျော်သည် ကမ္ဘာတစ်ဝန်းရှိ ရေလုပ်ငန်းများပေါ်တွင် တည်မှီနေရကြောင်း အစည်းအဝေး၌ အလေးထားဆွေးနွေးခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း တရားမဝင်ငါးဖမ်းမှုများကြောင့် အာဆီယံဒေသတွင် စီးပွားရေးဆိုင်ရာနစ်နာဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံရှိခဲ့သည်။ သာဓကအနေဖြင့် ၂၀၁၆ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၏ အထူးစီးပွားရေးဇုန်(EEZ)အတွင်းရှိ နာတူနာကျွန်းစုများတွင် IUU ငါးဖမ်းမှုများကြောင့် အမေရိကန်ဒေါ်လာ ၁၉၈ သန်းထိ နစ်နာဆုံးရှုံးခဲ့သည်။ သို့သော် နိုင်ငံများကြားတွင် ဆုံးရှုံးနစ်နာမှုများ ကွဲပြားနိုင်ပေသည်။

ပထမဦးဆုံးအနေဖြင့် အာဆီယံအစိုးရအသီးသီးသည် တရားမဝင်ငါးဖမ်းသည့်အလေ့အထများကြောင့် ဘဏ္ဍာရေးဆိုင်ရာသက်ရောက်မှုအတွက် မတူညီသောတွက်ချက်မှုပုံစံများရှိနေသည်။ ဒုတိယအချက်အနေဖြင့် အာဆီယံတွင် နိုင်ငံအသီးသီး၏ EEZ သည် အရွယ်အစားမတူ ကွဲပြားလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ပင်လယ်ပြင်ပိုင်နက်ဧရိယာကျယ်ဝန်းသောကြောင့် စီးပွားရေးဆိုင်ရာနစ်နာဆုံးရှုံးမှုလည်း ပိုမိုလျက်ရှိသည်။ အဆိုပါ မတူကွဲပြားမှုများသည် အာဆီယံနိုင်ငံများကြား IUU ငါးဖမ်းမှုကြောင့် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှုကို တွက်ချက်ရာ၌ အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ကြောင့် အာဆီယံနိုင်ငံများသည် IUU ငါးဖမ်းမှုလုပ်ငန်းအတွက် အဖြေရှာဖွေနိုင်ရန် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ပြင် ဖြစ်နိုင်ခြေရှိသောဆုံးရှုံးမှုများသည် လက်ရှိကိန်းဂဏန်းများထက်ပင် ပိုမိုနိုင်မည်ဖြစ်သည်။ IUU ငါးဖမ်းခြင်းသည် တရားမဝင်အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက တရားမဝင်အလုပ်သမားစုဆောင်းခြင်းအပြင် အလုပ်ခန့်အပ်မှုအလေ့အထတို့နှင့်ဆက်နွယ်သည့် ဝန်ဆောင်မှုဆိုင်ရာသက်ရောက်မှုများကိုလည်း ဖြစ်ပေါ်စေလျက်ရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးဆုံးရှုံးမှုနှင့် အဏ္ဏဝါညစ်ညမ်းမှုများကို ဖြစ်ပေါ်စေလျက်ရှိသည်။



တရားမဝင်အလုပ်အကိုင်ရှာဖွေပေးသောအလေ့အထသည် တရားမဝင်အလုပ်သမားစုဆောင်းခြင်းနှင့် ငါးဖမ်းလုပ်သားများ မှတ်ပုံတင်ခြင်းတို့လည်း ပါဝင်သည်။ အေးဂျင့်များနှင့် အဖွဲ့အစည်းများက မမှန်မကန်မှတ်ပုံတင်ခြင်းတို့ကြောင့် တရားမဝင်ငါးဖမ်းလုပ်ကိုင်ခွင့်များထုတ်ပေးခြင်းသည် ရေလုပ်သားများကို ဖိနှိပ်စေခိုင်းမှုများနှင့် ငါးဖမ်းသင်္ဘောများပေါ်မှမောင်းချမှုများ ဖြစ်ပေါ်စေနိုင်ပေသည်။

အလုပ်လုပ်ရန်ခွင့်ပြုချက်မပါဘဲ ငါးဖမ်းသင်္ဘောများတွင် အလုပ်လုပ်နေသောရေလုပ်သားများ၊ သို့တည်းမဟုတ် တရားမဝင်ငါးဖမ်းသင်္ဘောများတွင် အလုပ်လုပ်ကိုင်နေသော ရေလုပ်သားများသည် အလုပ်အကိုင်နှင့်စပ်လျဉ်း၍ တရားဝင်စောင့်ရှောက်ကာကွယ်မှုများ နစ်နာဆုံးရှုံးရလျက်ရှိသည်။ သာဓကအနေဖြင့် တရားဝင်သတင်းပို့ထားခြင်းမရှိသည့် အင်ဒိုနီးရှားနိုင်ငံမှရေလုပ်သားများသည် အခြားနိုင်ငံများသို့ ကမ္ဘာလှည့်ခရီးသွားများအဖြစ်သွားရောက်ပြီးနောက် တရားမဝင်ငါးဖမ်းသင်္ဘောများဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ ရေပိုင်နက်တွင် တရားမဝင်ငါးဖမ်းခြင်းများ လုပ်ဆောင်လေ့ရှိကြသည်။

ထို့ကြောင့် တရားမဝင်ငါးဖမ်းမှုလုပ်ငန်းများကာကွယ်နိုင်ရေးအတွက် မကြာသေးမီကပြုလုပ်ခဲ့သော ထိပ်သီးဆွေးနွေးပွဲတွင် ပဋိပက္ခအခြေအနေများ၌ တရားမဝင်ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများကိုကာကွယ်ရန် သဘောတူညီခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာကိုအသုံးပြုလျက် လူမှောင်ခိုကူးမှုများလုပ်ဆောင်နေခြင်းကို ချေမှုန်းတိုက်ဖျက်ခြင်းအားဖြင့် အာဆီယံသည် ငါးဖမ်းသင်္ဘောများတွင် အလုပ်လုပ်နေသည့် ရွှေ့ပြောင်းလုပ်သားများကို အကူအညီပေးသွားနိုင်ရန် မျှော်မှန်းထားရှိသည်။

ထို့ပြင် အလုပ်ခန့်ထားရေးအေဂျင်စီများသည် အလုပ်လက်မဲ့ဖြစ်နေပြီး ဆင်းရဲတွင်းနက်နေသောသူများကို ရှာဖွေလေ့ရှိကြသည်။ အေးဂျင့်များသည် အလုပ်သမားများကို ခေတ်မီငါးဖမ်းသင်္ဘောများတွင် လစာကောင်းသောအလုပ်များ ရရှိမည်ဖြစ်ကြောင်း ဆွဲဆောင်စည်းရုံးသိမ်းသွင်းလေ့ရှိကြသည်။ လက်တွေ့တွင်မူ ဆိုးရွားသောအခြေအနေမျိုး၌ အနည်းငယ်သောလစာဖြင့် ဘေးကင်းလုံခြုံမှုမရှိဘဲ အလုပ်လုပ်ကြရလေ့ရှိသည်။

အာဆီယံသည် IUU ငါးဖမ်းမှုနှင့် ဆက်နွယ်သော တရားမဝင်ငါးဖမ်းမှုနှင့် ဥပဒေမဲ့လုပ်ရပ်များကို တားဆီးရန် ကြိုးပမ်းလျက်ရှိသည်။ သာဓကအနေဖြင့် အာဆီယံသည် ၂၀၁၅ ခုနှစ်တွင် IUU ငါးဖမ်းခြင်းမှရရှိသောထုတ်ကုန်များ ကမ္ဘာ့ပင်လယ်စာအရောင်းဈေးကွက်သို့ ဝင်ရောက်ခွင့်မရှိစေရေး တားမြစ်နိုင်မည့်နည်းလမ်းများကို စတင်ကျင့်သုံးခဲ့သည်။ သို့သော် အာဆီယံအဆင့်၌ သဘောတူညီချက်များနှင့် ကတိကဝတ်များသည် နိုင်ငံအသီးသီးတွင် အပြည့်အဝအကောင်အထည်ဖော်ရန် ပျက်ကွက်လျက်ရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားနှင့် ပွတ်တိုက်မှုရှိလာသည့်အချိန်တွင် ဒေသတွင်း သဘောတူညီချက်များသည် အသက်မဲ့သွားလေ့ရှိသည်။

၂၀၁၅ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အင်ဒိုနီးရှားရေပိုင်နက်အတွင်းသို့ ဝင်ရောက်လာသော တရားမဝင်ငါးဖမ်းသင်္ဘော ၇၈၉ စီးကို ဖမ်းဆီးရမိခဲ့ကြောင်း အင်ဒိုနီးရှားငါးလုပ်ငန်းဝန်ကြီးဌာန၏ အချက်အလက်များက ဖော်ပြလျက်ရှိသည်။ ပြီးခဲ့သည့်ကာလအတွင်း ဖမ်းဆီးရမိသော ငါးဖမ်းလှေအရေအတွက်သည် ၂၄ ရာခိုင်နှုန်းထိ ကျဆင်းလာခဲ့သော်လည်း တရားမဝင်ငါးဖမ်းခြင်းသည် တိုင်းပြည်အတွက် အဓိကပြဿနာအဖြစ် ဆက်လက်တည်ရှိနေသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ခိုင်မာသော ဆုံးဖြတ်ချက်မရှိခြင်းသည် IUU ငါးဖမ်းမှုတိုက်ဖျက်ရေးအတွက် တိုးတက်မှုနှေးကွေးစေလျက်ရှိသည်။ အရှေ့တောင်အာရှနိုင်ငံများသည် ပူးတွဲစီမံကိန်းအောင်မြင်မှုရရှိရေးအတွက် လိုအပ်သောပေါင်းစပ်ဘဏ္ဍာငွေမရှိဘဲ ပြဿနာကိုဖြေရှင်းသွားရန် သဘောတူညီထားရှိသည်။ အကျိုးဆက်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီးသည် ၎င်းတို့၏အကျိုးစီးပွားကိုသာ ဦးစားပေးဆောင်ရွက်သွားလိုသောဆန္ဒရှိနေကြသည်။

ထို့ကြောင့် အာဆီယံအဖွဲ့အနေဖြင့် တရားမဝင်ငါးဖမ်းသည့်အလေ့အထများကို ဖြေရှင်းနိုင်ရေးအတွက် ဒေသတွင်းလုပ်ငန်းအစီအစဉ်တိုးတက်ရေး အသုံးပြုနိုင်မည့် ပူးတွဲရန်ပုံငွေထူထောင်ခြင်းအပါအဝင် ခိုင်မာသောလုပ်ငန်းအစီအမံများ လိုအပ်လာပြီဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ ရန်ပုံငွေထည့်ဝင်မှုသည် သက်ဆိုင်ရာနိုင်ငံ၏ ပင်လယ်ပြင်အကျယ်အဝန်းနှင့် ငါးဖမ်းလုပ်ငန်းလိုအပ်ချက်အပေါ်တွင် မူတည်နေမည်ဖြစ်သည်။ အာဆီယံအသင်းကြီးအနေဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီးထံမှ ရန်ပုံငွေတစ်ပြေးညီကောက်ခံခြင်းမရှိလျှင် တရားမဝင်ငါးဖမ်းမှုလုပ်ငန်းများတိုက်ဖျက်ရာတွင် အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

- **How ASEAN can win its war against illegal and unregulated fishing by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# ဘားအံမြို့နယ် နောင်လုံဈေးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဩဂုတ် ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နောင်လုံဈေးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ နောင်လုံဈေးတန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်းအသင်းသား၊ အသင်း သူ ၄၃ ဦးကို ကျပ်သိန်း ၃၆၀ ထုတ်ချေးပေးခဲ့ကြောင်း စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သိရသည်။



**ဘိုဘို**

# သင်သေသွားသော်

လင်းလက်

**ရခဲလှတဲ့ လူ့ဘဝ**

လောကတွင် "ဖြဟ္မာဘုံ နှစ်ဆယ်၊ နတ်ဘုံ ခြောက်ဘုံ၊ လူ့ဘုံ တစ်ဘုံ၊ အပါယ်လေးဘုံ"ဆိုသည့် သတ္တဝါတို့နေထိုင်ရာ ဘုံဌာန ၃၁ ဘုံရှိသည်။ လူ့ဘုံသည် တစ်ဘုံသာရှိသဖြင့် "မနုဿတ္တဘာဝေါ ဒုလ္လဘော" လူ့ဘဝသည် ရခဲလှသည်ဟုဆိုသည်။ လူ့ဘဝရဖို့သည် လူ့ပြည်မှ အပ်တစ်စင်းနှင့်ဖြဟ္မာပြည်မှ အပ်တစ်စင်းတို့ အချင်းချင်းထိခိုက်မိနိုင်ဖို့ဆိုသည်ထက် အဆပေါင်းများစွာ ပိုခက်ခဲသည်ဟု အဆိုရှိသည်။

ရနိုင်ရန် ခက်ခဲသည့် လူ့ဘဝကိုရရှိလာချိန်တွင် လူသားစစ်စစ်ဖြစ်ဖို့က အလွန်အရေးကြီးသည်။ လူသားစစ်စစ်ဆိုသည်မှာ "ကံ ကံ၏အကျိုးကိုယုံကြည်သူ၊ မကောင်းမှုပြုလုပ်ရန် ရှက်ကြောက်တတ်သူ၊ သတ္တဝါတို့အပေါ်၌ သနားကြင်နာတတ်သူ၊ အကုသိုလ်တရားတို့ကို ရှောင်ကြဉ်ကာ ကုသိုလ်တရားတို့ကို လက်ကိုင်ကျင့်သုံးတတ်သူ၊ ဒါန၊ သီလ၊ ဘာဝနာတို့နှင့်ပြည့်စုံသူ" စသည့်အချက်များနှင့် ပြည့်စုံသူကို ဆိုလိုသည်။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဆိုသည့် စကားနှင့်အညီ နေနိုင်သူဖြစ်ရန် ကြိုးစားရမည်ဖြစ်သည်။

**မမြဲတဲ့စန္ဒာ**

တိုတောင်းလှသည့် လူ့ဘဝအချိန်ခဏအတွင်းတွင် လူတိုင်း ပျော်ရွှင်ချမ်းသာချင်ကြသည်။ ကျားကုတ်ကျားခဲကြိုးစားကြသည်။ သို့ရာတွင် ပျော်ရွှင်အောင်မြင်ခြင်းဖြင့် ဘဝကို နေနိုင်သူက ရှားလှသည်။ လူ့သက်တမ်းသည် ပျမ်းမျှအားဖြင့် ၇၃ နှစ်ခန့်သာရှိသဖြင့် တိုတောင်းသည်ဟု ဆိုနိုင်သည်။ ထို့ပြင် သက်တမ်းစေ့နေရမည်ဟု ယတိပြတ်ပြော၍ မရပေ။

လူ့ဘဝ လူအဖြစ်ကိုရလာချိန်တွင် "ကံ ကံ၏အကျိုး"ကို မယုံကြည်၍ မရပေ။ လူတစ်ဦးနှင့်တစ်ဦး ဘဝပေး အခြေအနေများကွာခြားသည်ကို ထောက်ရှု၍ သိနိုင်သည်။ တချို့က ဆင်းရဲသည့် မိသားစုတွင် လူဖြစ်ရသည်။ တချို့က ချမ်းသာသည့်မိသားစုတွင် လူဖြစ်ရသည်။ "ဆင်းဆင်းရဲရဲ မွေးဖွားလာပြီး ကြီးမှ ချမ်းသာသွားသူ၊ ချမ်းချမ်းသာသာ မွေးဖွားလာပြီး ဘဝနေဝင်ချိန်ရောက်မှ ဆင်းရဲသွားသူ၊ တစ်သက်လုံး ချမ်းချမ်းသာသာနေသွားသူ၊ တစ်သက်လုံး လူမွေးလူတောင် မပြောင်ဘဲ ဆင်းဆင်းရဲရဲ နေထိုင်သွားရသူ" စသည့် မတူညီမှုများသည် ကံ ကံ၏ အကျိုးပေးများပင်ဖြစ်သည်။

**ကံ၊ ဉာဏ်၊ ဝီရိယ**

အတိတ်ဘဝတွင် ပြုခဲ့သောကံကြောင့် ယခုဘဝတွင် လူဖြစ်ရခြင်းဖြစ်သည်။ ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့သည် ကံကြောင့်ပင်ဖြစ်သည်။ သို့ရာတွင် အတိတ်ကံကို ပြုပြင်ရန်မဖြစ်နိုင်ပေ။ လက်ရှိ ပစ္စုပ္ပန်ကံကိုသာ စိတ်တိုင်းကျ ပြုပြင်နိုင်သည်။ အတိတ်ကံနည်းသူအဖို့ ဝီရိယကို ပိုမိုစိုက်ထုတ်ကာ ကြိုးစားသင့်ပြီး ပစ္စုပ္ပန်ကံကို ကောင်းအောင် မကောင်းမှုဒုစရိုက်များကို ရှောင်ရှားသင့်သည်။ "ကံ၊ ဉာဏ်၊ ဝီရိယ"သုံးခုစလုံး ပြည့်စုံကောင်းမွန်မှသာ အောင်မြင်နိုင်မည်ဆိုသော်လည်း ကံနှင့်ဉာဏ်သည် ဘဝကပေးသလောက်သာရသော အရာပင်ဖြစ်သဖြင့် ဝီရိယကို ပိုမိုအားကိုးသင့်သည်။

"ဝီရိယ" အားကိုးကာ ကြိုးစားရာတွင်လည်း မကောင်းသော အလုပ်၊ အသက်မွေးမှုများအတွက် စိုက်ထုတ်သော ဝီရိယမဖြစ်ရန်လိုသည်။ ကိုယ်ပြုသောကံကို ကိုယ်သာခံရမည်ဖြစ်သည်။ ကောင်းသော အလုပ်ကိုလုပ်ပါက ကောင်းသော အကျိုးဆက်များရရှိမည်ဖြစ်သည်။ မကောင်းသောအလုပ်ကိုလုပ်ပါက မကောင်းသော အကျိုးဆက်များရရှိမည်ဖြစ်သည်။ ထို့အတွက်ကြောင့် ကောင်းသောအသက်မွေးမှု သမ္မာအာဇီဝဖြစ်ရန်လိုအပ်မည်ဖြစ်သည်။

**ဆရာဇော်ဂျီရဲ့ စေတနာ**

လူ့ဘဝသည် အလွန်တိုတောင်းသည်။ ကံကုန်၍ နှုတ်ဆက်ထွက်ခွာသွားမည့် အချိန်တွင် ကျန်ရစ်ခဲ့မည့်သူများအတွက် အကျိုးရှိသည့်အလုပ်များ လုပ်ရန်လိုအပ်မည်ဖြစ်သည်။ သို့မှသာ လူသေသွားသော်လည်း နာမည်မသေဘဲ နာမည်ကောင်း ကျန်ရစ်မည်ဖြစ်သည်။ လူအဖြစ်ရရှိချိန်တွင် မိမိအတွက်၊ မိမိမိသားစုအတွက်၊ မိမိ၏ မိတ်ဆွေသူငယ်ချင်းအတွက် စသည့် ကိုယ်ကျိုးဦးစားပေးသည့် အလေ့အကျင့်များ နည်းနိုင်သမျှ နည်းအောင် ကြိုးစားရမည်ဖြစ်သည်။

ခဏတာ လူ့ဘဝကိုရရှိချိန်တွင် ပေးဆပ်သင့်သလောက်ပေးဆပ်ရမည်။ မိမိအနေဖြင့် လူ့အဖွဲ့အစည်းအတွက် နိုင်ငံတော်နှင့်ပြည်သူအတွက် သူ့ရဲကောင်းမဖြစ်ခဲ့ရင်တောင် မိမိအတွက်ကြောင့် သူတစ်ပါး မျက်ရည်မကျစေရန် ကြိုးစားသင့်သည်။ ရာဇဝင်ဆိုး အမွေဆိုး မကျန်ခဲ့စေချင်ပါ။ ငယ်ငယ်က သင်အံကျက်မှတ်ခဲ့ရသည့် ဆရာဇော်ဂျီ၏ ကဗျာလေးကို အမှတ်ရမိသည်။

"သြော်. . .
လူ့ပြည်လောက၊ လူ့ဘဝကား
အိုရနာရ၊ သေရဦးမည်မှန်ပေသည်တည်း။
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍ အမျှဝေရာ
စေတီသာနှင့်၊ သစ္စာအရောင်
ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း။"

အချိန်တန်လျှင် ထွက်ခွာသွားရမည့် လူသားတစ်ဦးအတွက် နှုတ်ဆက်ထွက်ခွာသွားချိန်မှာ အမျိုး၊ ဘာသာ၊ သာသနာအတွက် ကောင်းသောအရာများ လုပ်ဆောင်ခဲ့စေလိုသည့် ဆရာဇော်ဂျီ၏ စေတနာပင်ဖြစ်သည်။

**သမိုင်းတွင်မည့် မော်ကွန်း**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်သည့် ကမ္ဘာပေါ်တွင် ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်အခမ်းအနားကို ဩဂုတ် ၁ ရက်တွင် ကျင်းပနိုင်ခဲ့သည်။ လက်ရှိတွင်လည်း ရဟန်းရှင်လူ ပြည်သူအပေါင်း နှစ်ထောင်းအားရ ဖူးမြော်နေကြပြီဖြစ်သည်။ သမိုင်းတွင်ကျန်ရစ်မည့် မော်ကွန်းသစ်စိုက်ထူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ နောင်လာနောက်သားများအတွက် ဘာသာရေးအမွေပေးအပ်ခဲ့ခြင်းသာဖြစ်သည်။ အမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ရပ်ပင်ဖြစ်သည်။

ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာစာတည့်တည့်တွင် ကျောက်စာရုံစေတီ ၇၂၀ ကို ဖူးတွေ့နိုင်ပြီး ကျောက်စာရုံစေတီများအတွင်းတွင် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်များကို ကျောက်ထက်အက္ခရာ တင်လျှထားသည့် ကျောက်စာချပ်ရေ ၁၄၄၀ ချပ်ကို ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထည့်သွင်းတည်ဆောက်ထားသည်ကို တွေ့နိုင်သည်။

**ဘုရားဟောနှင့်တရားသဘော**

ကျောက်စာချပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ကျောက်မဲဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒသာရက အနှစ်ချုပ်ဟောကြားခဲ့ရာတွင် "ကျောက်စာချပ်များတွင် ဖော်ပြထားသည့် ဘုရားဟောတရားများကို ဖတ်ရှုရန် အချိန်မရခြင်း၊ ဖတ်ရှု၍ နားမလည်ခြင်းတို့အတွက် အားငယ်စရာမလိုကြောင်း၊ ဘုရားဟောတရားများကို အနှစ်ချုပ်ပါက သုံးချက်သာရှိပါကြောင်း၊ (၁) မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ မိမိသူတစ်ပါး နှစ်ဦးစလုံးကိုဖြစ်စေ ထိခိုက်စေသော၊ အကျိုးမရှိသော၊ စိတ်ဆင်းရဲစေသော မကောင်းသည့်အလုပ်ကို မလုပ်ရန်၊ (၂) ကောင်းသော ကာယကံအလုပ်၊ ဝစီကံ အပြော၊ မနောကံ ကြံစည်ခြင်းတို့ကို ဆောင်ရွက်ရန်၊ (၃) ပုထုဇဉ်များ၏ စိတ်သည် အနည်းနှင့် အများဆိုသလို လောဘ၊ ဒေါသ၊ မာန်မာန၊ ဣဿာမစ္ဆရိယ အလိုမကျမှု၊ တောင့်တမှု၊ မကျေနပ်မှုများနှင့် ပြည့်နှက်နေသဖြင့် မိမိစိတ်ကို ဖြူစင်အောင်ထားရန်သာလိုအပ်ပါကြောင်း" ဟောကြားခဲ့သည်။

ဘုရားဟောတရားများသည် နက်နဲသည်။ ဆရာတော်ကြီးက ဗုဒ္ဓဘာသာဝင်များအတွက်သာမက အခြားဘာသာဝင်များပါ နားလည်လွယ်မည့်၊ လိုက်နာလွယ်မည့် "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"ဆိုသည့် အနှစ်ချုပ် သုံးချက်ကို ဟောခဲ့ခြင်းဖြစ်သည်။ လိုရင်း၊ တိုရှင်းနှင့် ထိထိမိမိ ဟောကြားခဲ့ခြင်းပင်ဖြစ်သည်။

**မကောင်းမှုရှောင်၍ ကောင်းမှုဆောင်ရန်**

မြတ်စွာဘုရားရှင်က သိင်္ဂါလလုလင်ကို လူ့ကျင့်ဝတ်တရားများဟောကြားခဲ့ရာတွင် မကောင်းမှုဒုစရိုက်များဖြစ်သည့် "အဂတိတရားလေးပါးနှင့် ပါပကမ္မတရားလေးပါး မလိုက်စားရန်" တားမြစ်ခဲ့သည်။ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ မိမိ သူတစ်ပါး နှစ်ဦးစလုံးကိုဖြစ်စေ ထိခိုက်စေသော၊ အကျိုးမရှိသော၊ စိတ်ဆင်းရဲစေသော မကောင်းသည့်အလုပ်များဖြစ်သဖြင့် တားမြစ်ခြင်းပင်ဖြစ်သည်။

ရခဲလှသည့် လူ့ဘဝ၊ အလွန်တိုတောင်းသည့် လူ့ဘဝကို ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာဖြင့် ဖြတ်သန်းလိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ သို့ရာတွင် မိမိစိတ်ချမ်းသာရန်အတွက်နှင့် တစ်ပါးသူပစ္စည်း၊ အများပစ္စည်းတို့ကို မတရားရယူရန်အတွက် အဂတိလိုက်စားခြင်းအမှုကို ပြုကျင့်မိပါက လဆုတ်ရက်တွင် သာသောလကဲ့သို့ တစ်နေ့တခြား စည်းစိမ်၊ ဥစ္စာ၊ ကျော်စောခြင်းတို့ လျော့ပါးလာမည်ဖြစ်သဖြင့် မကျူးလွန်မိကြစေရန် မြတ်စွာဘုရားရှင်က တားမြစ်ခြင်းပင်ဖြစ်သည်။

**သင်သေသွားသော်**

မြတ်စွာဘုရားရှင်သည်ပင် သက်တော် ၈၀၊ ဝါတော် ၄၅ ဝါတွင် ပရိနိဗ္ဗာန်ပြုခဲ့သည်။ ရုပ်နာမ်နှစ်ဖြာ၊ ခန္ဓာငါးပါးတို့သည် မမြဲသောသဘော၊ ပျက်စီးတတ်သော သဘောရှိသဖြင့် မမေ့၊ မလျော့၊ မပေါ့ဆသော သတိတရားလက်ကိုင်ထားကာ သီလ၊ သမာဓိ၊ ပညာ စသည့် အကျင့်မြတ်တို့ကို ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ရန် "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"ဟု နောက်ဆုံးတရား ဟောကြားခဲ့သည်။ မြတ်စွာဘုရားသည်ပင် ကံတော်ကုန်သည့်အချိန် ပရိနိဗ္ဗာန်ပြုရသည်။ မိမိတို့ သာမန် ပုထုဇဉ်လောကီ လူသားများအနေဖြင့် ကံကုန်မည့်ရက်ကို ကြိုတွက်၍ မရနိုင်၊ မသိနိုင်သဖြင့် အသက်ရှင်နေစဉ်အတွင်း ကောင်းမှုကုသိုလ်များဖြင့်သာ နေထိုင်သင့်ပေသည်။ မကောင်းမှုဒုစရိုက်များကို တတ်နိုင်သမျှ ရှောင်ရှားရမည်ဖြစ်သည်။

ပုထုဇဉ်ပီပီ လောဘမကင်းသဖြင့် လက်ရှိဘဝအတွက် ချမ်းသာခြင်းအဖြစ်ကို ရယူပိုင်ဆိုင်လို၍ ကျားကုတ်ကျားခဲ ကြိုးစားတတ်ကြသည်။ လောဘဇောကပ်ကာ မကောင်းသည့်ဘက်တွင် ဝင်ငွေရှာပြီး သူတစ်ပါးပစ္စည်း မတရားရယူခြင်းဖြစ်သည့် အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြင့် ချမ်းသာခြင်းကို ရယူလိုခြင်းသည် မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ မိမိသူတစ်ပါး နှစ်ဦးစလုံးကိုဖြစ်စေ ထိခိုက်စေသော၊ အကျိုးမရှိသော၊ စိတ်ဆင်းရဲစေသော မကောင်းသည့်လုပ်ရပ်များပင်ဖြစ်သဖြင့် ရှောင်ရှားသင့်ပေသည်။ ဖြူစင်သော စိတ်ထားဖြင့် အဂတိတရားများကို ရှောင်ရှားကာ ရှင်သန်နေထိုင်ခြင်းဖြင့် သေလွန်သည့်တိုင် အမည်မသေဘဲ နောင်လာနောက်သားတို့၏ စံပြအဖြစ်တည်ရှိနိုင်ရေး ကြိုးစားဆောင်ရွက်ရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

❖ ပုထုဇဉ်ပီပီ လောဘမကင်းသဖြင့် လက်ရှိဘဝအတွက် ချမ်းသာခြင်းအဖြစ်ကို ရယူပိုင်ဆိုင်လို၍ ကျားကုတ်ကျားခဲ ကြိုးစားတတ်ကြသည်။ လောဘဇောကပ်ကာ မကောင်းသည့်ဘက်တွင် ဝင်ငွေရှာပြီး သူတစ်ပါးပစ္စည်း မတရားရယူခြင်းဖြစ်သည့် အဂတိလိုက်စားမှုကျူးလွန်ခြင်းဖြင့် ချမ်းသာခြင်းကို ရယူလိုခြင်းသည် မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ မိမိသူတစ်ပါး နှစ်ဦးစလုံးကိုဖြစ်စေ ထိခိုက်စေသော၊ အကျိုးမရှိသော၊ စိတ်ဆင်းရဲစေသော မကောင်းသည့်လုပ်ရပ်များပင်ဖြစ်သဖြင့် ရှောင်ရှားသင့်ပေသည်။ ❖

## အောင်လံမြို့နယ် ပျဉ်ပုံကျေးရွာတွင် VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အောင်လံ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်ပုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် စီမံကိန်းဝန်ထမ်းများက ပျဉ်ပုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ချေးငွေဖြင့်လည်ပတ်ဆောင်ရွက်နေသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငွေစာရင်း ပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။


ပျဉ်ပုံကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၂၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စတုတ္ထနှစ် စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၉ ဦးတို့ကို ရန်ပုံငွေကျပ် ၂၄၅၀၀၀၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုလှိုင်**

ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ




ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ပဒေသာကပွဲ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊တေးဂီတဖျော်ဖြေပွဲများ၊
အလှမှတ်တမ်းပုံရိုက်ကူးခြင်းများ အတွက် ခန်းမများငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၁၊ ၀၉ ၆၇၈၉၉၉၉၂






ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်၊

DENTOMEC

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၀၉၀၇၇



## တာဟုန်ဖန်

လျှပ်စစ်ပစ္စည်းအမျိုးမျိုး

| | | | |
|---|---|---|---|
| ၁။ | အရောင်းဝန်ထမ်း | မ | (၄)ဦး |
| ၂။ | ဂိုဒေါင်မှူး | ကျား (၄)ဦး / မ (၂)ဦး | |
| ၃။ | Marketing | ကျား (၄)ဦး / မ (၂)ဦး | |
| ၄။ | လိုက်ကာကွင်းတပ် | ကျား (၁)ဦး / မ (၁)ဦး | |

မှတ်ချက်။ No.(၃) လူလိုင်စင်နှင့် ဆိုင်ကယ်ယာဉ်မောင်းလိုင်စင် ရှိရမည်။

လိပ်စာ။ ၆၂လမ်း၊ ၁၁၀×၁၁၁

ဖုန်း။ 09-400877100 , 09-400877900


## ဖခင်အမည်မှန်

တံတားဦးခရိုင်၊ အ. ထ. က (တံတားဦး)၊ Grade-9 တွင် ပညာသင်ကြားနေသော မအိဇင်ဖြိုး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးထွန်းထွန်းမင်း ဖြစ်ပါကြောင်း။

ဦးထွန်းထွန်းမင်း (၉/တတဥ(နိုင်)၁၀၇၀၂၂)

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ စိန်ပန်းကန်ကျေးရွာနေ မနီလာမိုး (ဘ)ဦးသန်းငွေ (၉/နထက(နိုင်) ၁၅၄၉၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MC-997229) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၄၀၂၅၇၈၅၃၁

## စာအုပ်စာပေ လှူမိတ်ဆွေ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း။ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ရန်သူ
မီးဘေး
တားဆီးရေး
မငေး
ဆောင်ရွက်ကြ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်...

❖ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိကတည်ဆောက်ကြရ...

❖ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့်တိုက်ရိုက်အချိုးကျနေ...

❖ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

# အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် (3 x 3) U-20 ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**မန္တလေး ဩဂုတ် ၂၁**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသားတံခွန်စိုက် အမျိုးသား၊အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲနှင့် (3x3) U-20 ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ် ဗထူးမိုးလုံလေလုံအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်စကားပြောကြားပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ☆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ ကျင်းပမည်


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၂၂ ရက် **(ယနေ့)** မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း မီဒီယာသမားများကို လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ
(၂၁-၈-၂၀၂၃)

| | |
|---|---|
| အမရပူရ | ၅ ဒသမ ၆၈ လက်မ |
| ပုသိမ်ကြီး | ၄ ဒသမ ၉၀ လက်မ |
| မန္တလေး | ၄ ဒသမ ၁၇ လက်မ |
| မြစ်ငယ် | ၃ ဒသမ ၉၄ လက်မ |
| သပိတ်ကျင်း | ၃ ဒသမ ၅၄ လက်မ |
| ပြင်ဦးလွင် | ၃ ဒသမ ၃၈ လက်မ |
| ပုတာအို | ၂ ဒသမ ၅၉ လက်မ |
| ဝမ်းတွင်း | ၂ ဒသမ ၃၉ လက်မ |
| ငါန်းဇွန် | ၂ ဒသမ ၂၃ လက်မ |


ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မြုပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)



ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်ကြိုးတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း

ISO 9001:2015



နိုင်ငံတကာအရည်အသွေးစံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com